တရားဥပဒေ ပြဋ္ဌာန်းချက်များအဖြစ် ထုတ်ပြန်ထားခြင်း မရှိသော်လည်း
တရားမျှတမှု ရှုထောင့်အရ တရားရုံးများက လိုက်နာကျင့်သုံးကြရသော
ကျင့်စဉ်များ၊ နီတိများအကြောင်း သိရှိနားလည် ကိုးကားနိုင်ကြစေဖို့ ...

# တရားစီရင်ရေးဆိုင်ရာ

## ယေဘုယျစည်းမျဉ်းများနှင့် နီတိများ

## General Principles on Interpretation of Law and Legal Maxims

ဦးမြင့်ဝင်း (ရွှေဘို)

mgyoe.com

mgyoe.com SAMPLE BOOK

- အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များကို အခြေခံ၍ ပြုစုရခြင်း ဖြစ်သည့်အတွက် အချို့ဘာသာပြန်ဆိုမှုများတွင် အထစ်အငေါ့များ ရှိနိုင်ပါသည်။ အကောက်အယူ မလွဲစေရန် ရည်ရွယ်မှန်းထား၍ ပြုစုထားပါသည်။ နိတိများတွင်မူ ပို၍ သတိထားကာ လက်တင်ဘာသာ နိတိများကို အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပာယ် ဖွင့်ဆိုချက်ကိုပါ တစ်ပါတည်း ထည့်သွင်းထားပါသည်။ အလွယ်တကူမှတ်သား ကိုးကားနိုင်စေရန် ရည်ရွယ်ပါသည်။

- တရားစီရင်ရေးနယ်ပယ်တွင် နှစ်ပေါင်း ၄၀ ကျော် ဘဝအနေအထား အမျိုးမျိုးမှ ဖြတ်သန်းလာပြီးသည့် အချိန်တွင် 'အများမြင်သာသော တရားသဖြင့် စီရင်ခြင်း' ဆိုသည့် စကားရပ်၏ အတောမသတ် ကျယ်ပြန့်မှုကို ဆင်ခြင်မိပါသည်။ ဥပဒေ ပြဋ္ဌာန်းချက်သက်သက်ကိုသာ ကျေညက်နေရုံမျှဖြင့် မပြည့်စုံနိုင်သည်များကို သတိထားမိလာပါသည်။ လက်ရှိအနေအထားမှာ တရားမျှတမှု ဖြစ်ထွန်းစေရန်သာမက ထိုသို့ဖြစ်ထွန်းမှုကို အများက သိရှိခံစားစေရန် အားထုတ်ကြရသည့် အရွေ့သဘောကို ရောက်ရှိနေပါသည်။

mgyoe.com

WISDOM HOUSE

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

- တရားဥပဒေ ပြဋ္ဌာန်းချက်များအဖြစ် ထုတ်ပြန်ထားခြင်း မရှိသော်လည်း တရားမှုတမှု ရှုထောင့်အရ တရားရုံးများက လိုက်နာကျင့်သုံးကြရသော ကျင့်စဉ်များ၊ နီတိများ ရှိပါသည်။ တရားစီရင်ရေးနယ်ပယ်တွင်လည်း သတိထား၍ဖြစ်စေ၊ သတိမထားမိ၍ဖြစ်စေ လိုက်နာကျင့်သုံးလျက် ရှိပါသည်။ ယင်းတို့ကို အလွယ်တကူ တွေ့ရှိ ကိုးကားနိုင်လျှင် အကျိုးရှိနိုင်သည်ဟု ယူဆသည့်အတွက် လက်လှမ်းမီရာ စာအုပ်များမှ ကောက်နုတ်၍ ဤစာအုပ်ကို ပြုစုပါသည်။

*စကားဦး မှ*

- တစ်ခါတစ်ရံတွင် ပြဋ္ဌာန်း ထုတ်ပြန်သည့် ဥပဒေ၌လည်းကောင်း၊ လက်စွဲများ၌လည်းကောင်း ဖော်ပြချက်များနှင့် တိုက်ရိုက် အံ့မဝင်နိုင်သော အဖြစ်အပျက် ဖြစ်ပွားမှုများ ဖြစ်ပေါ်တတ်ပါသည်။ သို့မဟုတ်ပါကလည်း ဖြစ်ပွားလာသည့် အဖြစ်အပျက်အပေါ် လက်ရှိ ဥပဒေ၊ လက်စွဲများဖြင့် ဆုံးဖြတ်ရသည့် အဆုံးအဖြတ်အား ပိုမို အာနိသင်ထက်မြက်စေနိုင်သည့်၊ သဘာဝ ကျစေသည့် အကိုးအကားများ လိုအပ်လာသည်များ ရှိလာတတ်ပါသည်။ ထိုအခါမျိုးတွင် ကိုးကားလေ့ ရှိသော နီတိစကားများ ရှိပါသည်။ တချို့က ယင်းတို့ကို ဆိုရိုးစကားဟုလည်း သုံးနှုန်းကြပါသည်။ အုပ်ချုပ်ရေးနီတိများ၊ တရားစီရင်ရေး နီတိများဟု ဆိုကြပါသည်။

*မြန်မာ့တရားစီရင်ရေး အခြေခံမူနှင့် မြန်မာ့နီတိ မှ*

mgyoe.com

mgyoe.com SAMPLE BOOK

❑ ဆင်တူရိုးမှား အဓိပ္ပာယ်ထွက်နေသည့် ဝေါဟာရ နှစ်ခု သို့မဟုတ် နှစ်ခုထက် ပို၍ တွဲစပ် သုံးနှုန်းထားသည့်အခါ ထိုဝေါဟာရ တစ်ရပ်ချင်း၏ မူရင်းသဘောကို ဦးစွာ နားလည်ထားရပါမည်။ ထိုဝေါဟာရ တစ်ရပ်ချင်းစီသည် မိမိအဓိပ္ပာယ်နှင့်မိမိ ဖြစ်သည်။ ပို၍ ယေဘုယျဆန်သော အဓိပ္ပာယ်ရှိသည့် စကားလုံးအား ယေဘုယျဆန်မှု နည်းသော စကားလုံးက လွှမ်းမိုးပါသည်။ ယှဉ်တွဲ ပေါင်းစပ်နေသည့် စကားလုံးများသည် သီးခြားအဓိပ္ပာယ် ထွက်နေပြီး တစ်ရပ်ကိုတစ်ရပ် ထိန်းကျောင်း ရပ်တည်နေသည်ကို သတိထားသင့်သည်။ ဤသို့ဖြင့် ဥပဒေပြုသူ၏ ရည်ရွယ်ချက်ကို ရှာဖွေတွေ့ရှိနိုင်မည် ဖြစ်ကာ အသိပညာ ကြွယ်ဝစွာ တွဲစပ်သုံးနှုန်းထားသော ထိုစကားလုံးများကို မထွေပြားစေဘဲ ကောက်ယူနိုင်မည် ဖြစ်ပါသည်။

*ယေဘုယျ မူသဘောများ မှ*

❑ တရားစီရင်ရေးနယ်ပယ်တွင် ဥပဒေနီတိဟု ခေါ်ဆိုနိုင်သော ဆိုရိုးစကားများကို အစဉ်အဆက် ကိုးကား သုံးစွဲခဲ့ကြသော အလေ့အထ ရှိခဲ့ပါသည်။ တရားမှုတမှု အခြေခံ မူသဘောများကို နီတိပုံစံဖြင့် စကားလုံးကျဉ်းကျဉ်းနှင့် ထိထိမိမိ ဖော်ပြခဲ့ကြသည်ကို အစဉ်အလာလိုက်နာ ကျင့်သုံးကြခြင်း ဖြစ်ပါသည်။ တရားမှုတမှု အခြေခံမူသဘောများကို နီတိပုံစံဖြင့် ဖော်ပြချက်များဖြစ်ရာ ယင်းနီတိများကို ကိုးကား သုံးစွဲခြင်းသည် တရားစီရင်ရေးစနစ်ကို ဖွံ့ဖြိုးစေသကဲ့သို့ ခိုင်မာ အားကောင်းစေသော အလေ့အထ ဖြစ်ပါသည်။

*နီတိများ မှ*

❑ ဆရာများက လက်တင်ဘာသာ စကားရပ် စကားစုကို ပြောကြားသင်ပြလျှင် အင်္ဂလိပ်ဘာသာ အဓိပ္ပာယ်ကို တစ်ပါတည်း တွဲ၍ သင်ပါသည်။ ဖတ်၍လည်း လွယ်၊ မှတ်၍လည်း လွယ်ပါသည်။ ကိုးကားကြရသည့်အခါတွင် လက်တင် သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ကိုယ် မှတ်မိသည့်အတိုင်း ကိုးကားနိုင်ပါသည်။ ကိုးလည်း ကိုးကားကြပါသည်။ ထိုသို့ ကိုးကားလိုက်ခြင်းဖြင့် မိမိစကားကို ပို၍ ခိုင်မာစေပါသည်။ အချိန်တိုတိုနှင့် ရှင်းရှင်း ပေါက်ရောက်ပါသည်။ အသုံးချနိုင်လေ အကျိုးရှိလေဖြစ်သည်ဟု ယူဆသဖြင့် စာရေးသူ၏ ဗဟုသုတကို မျှဝေခြင်းသာ ဖြစ်ပါသည်။

*မေတ္တာရပ်ခံခြင်း မှ*

mgyoe.com

mgyoe.com SAMPLE BOOK

WISDOM HOUSE
စာအုပ် ၂၅၁

# တရားစီရင်ရေးဆိုင်ရာ
## ယေဘုယျစည်းမျဉ်းများနှင့် နီတိများ

# General Principles on Interpretation of Law and Legal Maxims

ဦးမြင့်ဝင်း (ရွှေဘို)

WISDOM HOUSE
၀၉-၂၅၄၁-၄၈၅၆၈၊ ၈၁-၉၅၄၅၀၃၆၊ ၀၉-၄၃၀-၄၁၈၅၇။
Wisdom House Publishing Facebook Page ကို
@wisdomhousepublishing ဖြင့် ရှာဖွေကြည့်ရှုနိုင်ပါသည်။
https://www.facebook.com/wisdomhousepublishing/

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ပထမအကြိမ် | စက်တင်ဘာလ၊ ၂၀၂၀ ပြည့်နှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင် |
| | Wisdom House စာအုပ်တိုက် (မြဲ - ၀၀၄၇၁) |
| | အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊ |
| | လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ |
| | တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော် |
| | စွယ်တော်ပုံနှိပ်တိုက် (မြဲ - ၀၀၄၁၁)၊ |
| | အမှတ် ၁၄၇၊ ၅၁-လမ်း (အထက်)၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကြီးငွေး |
| အတွင်းအပြင်အဆင် | H. Lwin |
| တန်ဖိုး | ကျပ် ၄၀၀၀ ၁၀၀၀၀ |

| |
|---|
| ၃၄၀ |
| မြင့်ဝင်း၊ ဦး (ရွှေဘို) |
| တရားစီရင်ရေးဆိုင်ရာ ယေဘုယျစည်းမျဉ်းများနှင့် နီတိများ/ ဦးမြင့်ဝင်း (ရွှေဘို) |
| - ရန်ကုန်၊ Wisdom House စာအုပ်တိုက်၊ ၂၀၂၀။ |
| ၂၂၈-စာ၊ ၁၃ × ၂၀. ၅ စင်တီ။ |
| (၁) တရားစီရင်ရေးဆိုင်ရာ ယေဘုယျစည်းမျဉ်းများနှင့် နီတိများ |

mgyoe.com

mgyoe.com SAMPLE BOOK

## ဦးမြင့်ဝင်း (ရွှေဘို)

အဖ ဦးတင်၊ အမိ ဒေါ်လေးရှိန်တို့မှ ၁၉၅၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးတောကျေးရွာ၌ မွေးဖွားသည်။ ၁၉၆၈-၁၉၆၉ ခုနှစ်တွင် ရွှေဘိုမြို့ အမှတ် (၂) အစိုးရအထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်သည်။ ၁၉၇၃-၁၉၇၄ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့ ရရှိသည်။

၁၉၇၅ ခုနှစ်တွင် ရွှေဘိုမြို့၌ အထက်တန်းရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်သည်။ ၁၉၇၆ ခုနှစ်တွင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဗဟိုဥပဒေရုံး၌ ဥပဒေဝန်ထမ်း အဆင့် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ထို့နောက် ကသာခရိုင်နှင့် ရွှေဘိုခရိုင်တို့တွင် မြို့နယ်ဥပဒေအရာရှိအဖြစ်လည်းကောင်း၊ မကွေးတိုင်း ဥပဒေရုံး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီး (ကထိက-ဥပဒေပညာဌာနမှူး)၊ စစ်ကိုင်းတိုင်း ဥပဒေရုံးတို့တွင် လက်ထောက်တိုင်းဥပဒေအရာရှိအဖြစ်လည်းကောင်း၊ ဟင်္သာတခရိုင်၊ မန္တလေးခရိုင်နှင့် လားရှိုးခရိုင်တို့တွင် ခရိုင်ဥပဒေအရာရှိအဖြစ်လည်းကောင်း၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေအရာရှိအဖြစ်လည်းကောင်း၊ ရှေ့နေချုပ်ရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် (တာဝန်) အဖြစ်လည်းကောင်း အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူကာ မန္တလေးမြို့၌ တရားလွှတ်တော်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၁၃ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံး အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

၁၉၇၆ ခုနှစ်တွင် ဒေါ်ယဉ်မင်းဆွေနှင့် အိမ်ထောင်ပြုပြီး သားကြီး ကိုနေခြည်ဝင်း၊ သမီးကြီး မဆည်းဆာဝင်း၊ သားငယ် ကိုသော်တာဝင်း၊ သမီးငယ် မနှင်းရည်ဝင်း ဟူ၍ သားသမီး လေးဦး ထွန်းကားသည်။

'ရှေ့နေပညာနိဒါန်း'၊ 'စာချွန်တော် (အခြေခံနှင့် လက်တွေ့)'၊ 'ရှေ့နေပညာ အသုံးချမှတ်စုများ' စာအုပ်တို့ကို ရေးသား ပြုစုခဲ့ပြီး ဖြစ်သည်။

အမည်ရင်း ဦးမြင့်ဝင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ကျေးဇူးတင်လွှာ

ဤစာအုပ် ပြုစုရာတွင် ကိုးကားရသော The Interpretation of Statutes by N.S. Bindra စာအုပ်ကို ဦးမြသိန်း B.A; B.L (တရားလွှတ်တော်ရှေ့နေ၊ Notary Public) ကလည်းကောင်း၊ Guide to Latin in International Law စာအုပ်ကို ဦးသန်းကျော် B.A (Law), LL.B (တရားလွှတ်တော်ရှေ့နေကြီး) ကလည်းကောင်း မေတ္တာဖြင့် လက်ဆောင်ပေးကြပါသည်။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးတွင် အဖွဲ့ဝင်များအဖြစ် အတူတကွ ဆောင်ရွက်ခဲ့ကြစဉ် ကာလအတွင်း အထက်ဖော်ပြပါ စာအုပ်များမှ အယူအဆ၊ အရေးအသားများကို နှစ်ခြိုက်စွာ ဖတ်ရှု ကိုးကားခဲ့ရသည့် ကာလများကို အောက်မေ့လျက် ဆရာဦးမြသိန်း၊ ဆရာဦးသန်းကျော်တို့ထံ တင်ရှိနေသော ကျေးဇူးကို ဖော်ပြအပ်ပါသည်။

**စာရေးသူ**

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


◆ ပီတိအားဖြင့် မျှဝေပါသည် က
◆ စကားဦး ၁
၁။ မြန်မာ့တရားစီရင်ရေး အခြေခံမူနှင့် မြန်မာ့နီတိ ၁၃
(က) တရားစီရင်ရေး အခြေခံမူ ၁၅
(ခ) မြန်မာ့နီတိများ ၂၂
၂။ ယေဘုယျ မူသဘောများ ၂၉
(က) စာသားအဓိပ္ပာယ်ရင်းအတိုင်း ဖြစ်စေခြင်း ၃၁
(ခ) အကျိုးပျက်စီးစေခြင်း စည်းမျဉ်း ၄၄
(ဂ) ရှောင်ရောင်စည်းမျဉ်းများ ၅၄
(ဃ) ရှေ့နောက်ညီညွတ်စေမှု သဘောတရား ၆၁
(င) ဥပဒေတစ်ရပ်လုံးကို ဖတ်ပါ ၆၆
(စ) ပျက်သုဉ်းစေခြင်းထက် ရှင်သန်စေခြင်းကို ဦးတည်ရခြင်း ၇၇
(ဆ) ရေးသားဖော်ပြချက် တူလျှင် အဓိပ္ပာယ်လည်း အတူတူပင် ဖြစ်သည် ၇၈
(ဇ) ယှဉ်တွဲပေါင်းစပ် စကားလုံးများ ၈၃
(ဈ) ဆိုလိုရင်း အဓိပ္ပာယ် တူညီသော စကားရပ်အုပ်စုများ ၈၂
(ည) အတိအလင်း ဖော်ပြသည့်အချက်ဖြင့် အခြားအချက်များကို ဖယ်ထုတ်ခြင်း ၉၂
(ဋ) ခေတ်ပြိုင် တည်ရှိခဲ့သော အသုံးအနှုန်းများ ၉၄


mgyoe.com

mgyoe.com SAMPLE BOOK

၃။ နိတိများ ၉၉
1. *A verbis legis non est recendendum* ၁၀၂
2. *Absolute sentential expositore non indigent* ၁၀၄
3. *Abundans cautela non nocet* ၁၀၅
4. *Accessorium non ducit,*
*sed sequitur suum principale* ၁၀၆
5. *A pactis privatorum publico juri*
*non derogatur* ၁၀၇
6. *Accusator post rationabile tempus non est*
*audiendus, nisi se bene de omissione*
*excusa verit* ၁၀၉
7. *Actio non datur non damnificatio* ၁၁၀
8. *Actio personalis moritur cum persona* ၁၁၁
9. *Actori incumbit onus probandi* ၁၁၂
10. *Actus curiae neminem gravabit* ၁၁၃
11. *Actus legis nemini est damnosus* ၁၁၄
12. *Actor sequitur forum rei* ၁၁၅
13. *Actus non facit reum, nisi mens sit rea* ၁၁၆
14. *Ad ea quae frequentius accidunt*
*jura adaptantur* ၁၁၉
15. *Adversus extraneous vitiosa possessio*
*prodessi solet* ၁၂၀
16. *Aedificare in tuo proprio sole non licet*
*quod alteri nou neceat* ၁၂၁
17. *Aequitas est correctio legis generalitere lae,*
*qua parte deficit* ၁၂၂
18. *Aequitas est quasi equalitas* ၁၂၃
19. *Aequitas factum habet quod fieri oportuit* ၁၂၄
20. *Aequitas nunquam contravenit leges* ၁၂၅

mgyoe.com

mgyoe.com SAMPLE BOOK

21. *Aequitas sequitur legem* ၁၂၆
22. *Aequum et bonum est lex legum* ၁၂၇
23. *Affirmanti non neganti incumbit probatio* ၁၂၈
24. *Allegans contravia non est audiendus* ၁၂၉
25. *Allegatio contra factum non est admittenda* ၁၃၀
26. *Ambiguum pactum contra venditorem interpretandum est* ၁၃၁
27. *Ambigua responsio contra proferentem est accipienda* ၁၃၂
28. *Ambiguitias verborun latens verificatione suppletur, nam quod ex facto oritur ambiguum verificatione facti tollitur* ၁၃၃
29. *Ambiguitas verborum patens nulla verificatioe excluditur* ၁၃၅
30. *Animus hominis est anima scripti* ၁၃၆
31. *Applicatio est vita regulae* ၁၃၇
32. *Arbiter nihil extra compromissum facere potest* ၁၃၈
33. *Argumentum a simili valet in lege* ၁၃၉
34. *Argumentum ab auctoritate est fortessmum in lege* ၁၄၀
35. *Argumentum ab impossibili plurinum valet in lege* ၁၄၁
36. *Argumentum ab communiter accidentibus in jure frequens est* ၁၄၂
37. *Audi alteram partem* ၁၄၃
38. *Autre fois acquit* ၁၄၄
39. *Autre fois convict* ၁၄၅
40. *Bonae fidei possessor in id tantum quod ad se pervenerit, tenetur* ၁၄၆

mgyoe.com

mgyoe.com SAMPLE BOOK

41. *Boni judicis est lites dirimere ne lis exlite oritur* ၁၄၇
42. *Boni judicis est judicium sine dilatione mandare executioni* ၁၄၈
43. *Boni judicis est jus dicere, non jus dare; (or) judicis est jus decere non dare* ၁၄၉
44. *Breve judiciale non cadit pro defectu formae* ၁၅၀
45. *Causa proxima non remota spectatur* ၁၅၁
46. *Cessante ratione legis, cessat ipse lex* ၁၅၂
47. *Commodum ex injuria sua memo habere debet* ၁၅၃
48. *Conditio praecedens adimpleri debet priusquam sequatur effectus* ၁၅၄
49. *Copulatio verborum indicat acceptationum in esdern sensu* ၁၅၅
50. *Cui jurisdictio data est, ea quoque concessa esse videntur sine quibus juresdictio explicari non potuit* ၁၅၆
51. *Cuilibet licet renuntiar juri prose introductio* ၁၅၇
52. *De minimis non curat lex* ၁၅၈
53. *Debitorum pactionibus creditorum petitio nec tolli nec minui potest* ၁၅၉
54. *Delegatus non potest delegare* ၁၆၀
55. *Ex dolo malo non oritur action* ၁၆၃
56. *Exampla illustrant non restringent legan* ၁၆၄
57. *Exceptio est strictissimae applicationis* ၁၆၅
58. *Executio est finis et fructus legis* ၁၆၆
59. *Executio juris non habet injuriam* ၁၆၇
60. *Expressum facit cessare tacitum* ၁၆၈

mgyoe.com

mgyoe.com SAMPLE BOOK


61. *Errare human est, (sed) perseverare diabolicum* ၁၇၀

62. *Exnudo pacto actio non oritur* ၁၇၁

63. *Falsus in uno falsus in omnibus* ၁၇၂

64. *Generalia specialibus non derogant* ၁၇၃

65. *Ignorantia eorum quae quis scire tenetur non excusat* ၁၇၅

66. *Ignorantia facti excusat; Ignorantia juris non excusat* ၁၇၆

67. *Impossibilium nulla obligation est* ၁၇၇

68. *In acquali jure milior est conditio possidentis* ၁၇၈

69. *In bonam partem* ၁၇၉

70. *In dubio pro reo* ၁၈၁

71. *In favorem vitae, libertatis, et innocentiae omnia presumuntur* ၁၈၂

72. *Inadimplenti non est adimplendum* ၁၈၃

73. *Injuria non fit volenti* ၁၈၄

74. *Injuria propria non cadet in benificium facientis* ၁၈၅

75. *Lex non cogit ad impassibillia* ၁၈၆

76. *Nemo dat quod non habet* ၁၈၇

77. *Nemo debet bis puniri pro uno delicto* ၁၈၈

78. *Nemo est supra legis* ၁၈၉

79. *Nemo debet esse judex in sua causa* ၁၉၀

80. *Nemo locupletari potest cum alterius jactura* ၁၉၁

81. *Quic quid plantatur solo solo cedit* ၁၉၂

82. *Quidquid ab initio vitiosus est, non protest tractu temporis convalescere* ၁၉၃

83. *Qui facit per alium, facit perse* ၁၉၄


mgyoe.com

mgyoe.com SAMPLE BOOK

84. *Qui mandat ipse fecisse videtur* ၁၉၅
85. *Qui non prohibet quod prohibere protest, assentire videtur* ၁၉၆
86. *Qui taect consentire videtur* ၁၉၇
87. *Reduetio ad absurdum* ၁၉၈
88. *Satis eloquentiae sapiente parum* ၁၉၉
89. *Ubi jus ibi remedium* ၂၀၀
90. *Ut res magis valeat quam perat* ၂၀၁
91. *Vigilantibus, et non dormientibus, jura sub veniunt* ၂၀၂
◆ မေတ္တာရပ်ခံခြင်း ၂၀၄
◆ ကိုးကားသောစာအုပ်များ ၂၀၅
◆ ကျေးဇူးတင်လွှာ ၂၀၆

mgyoe.com

mgyoe.com SAMPLE BOOK

# ပီတိအားဖြင့် မှျဝေပါသည်

ဥပဒေကို နှစ်ပေါင်း လေးဆယ်ကျော် ထိတွေ့ခဲ့ရသူ၊ ယခု ထိလည်း သင်ယူလေ့လာဆဲသူတစ်ဦးအနေဖြင့် မိမိ ဘယ်လောက် တတ်မြောက်ထားပါသလဲဟု မကြာခဏ ပြန်လည် ဆန်းစစ်ကြည့်သည့်အခါတိုင်း လေ့လာစရာများ မကုန်နိုင်သေးပါလားဟု ဆင်ခြင်မိခဲ့ပါသည်။ သို့အတွက် မိမိ တာဝန်ယူထားသော စာအုပ်တိုက်တွင် ဥပဒေစာအုပ်များ စီစဉ်တည်းဖြတ်ရာ၌ တတ်နိုင်သမျှ နားလည်အောင်လည်း ဖတ်၊ မရှင်းသည်များကိုလည်း ဆိုင်ရာ ဆရာများထံ ပြန်လှန် မေးမြန်းဆွေးနွေးရင်း ပညာယူနေဆဲ ဖြစ်ပါ၏။

ယခုစာအုပ်ကို ပြုစုသူ ဆရာဦးမြင့်ဝင်း (ရွှေဘို) သည် ပထမဦးဆုံး ထွက်ခဲ့သော 'ရွှေနေပညာနိဒါန်း' စာအုပ်ကတည်းက စာဖတ်သူများ နှစ်ခြိုက် အားပေးခြင်းခံခဲ့ရသော ကျွန်တော့်ငယ်ဆရာတစ်ဦးပင် ဖြစ်ပါသည်။ လွန်ခဲ့သော ၂၀၁၅ ခုနှစ်က 'ရွှေနေပညာအသုံးချမှတ်စု' ထွက်ပြီးနောက် ဆရာ စာအုပ် အထွက်ကျဲသွားသည်။ ကျွန်တော် နေပြည်တော် ရောက်သည့်အခိုက် စာမူ တောင်းခံသည့်အခါ ဆရာက သူ လေ့လာဖတ်ရှုနေသော Legal maxims ဆိုင်ရာ စာအုပ်များ ရှိသည်၊ ထိုအကြောင်း စာအုပ် ဖြစ်လာနိုင်သည်ဟု ဆိုသည်။ ဆရာ့ရုံးခန်း စားပွဲများပေါ်မှ အင်္ဂလိပ်စာလုံး ပွိုင့်သေးသေးနှင့်



mgyoe.com

mgyoe.com SAMPLE BOOK
ထူထူထဲထဲ စာအုပ်များကို ကြည့်ပြီး ဆရာ လက်ရှိ ထမ်းဆောင်နေဆဲ တာဝန် အတိမ်အနက်ကိုလည်း မှန်းဆကာ ကျွန်တော် သိပ်ပြီးတော့လည်း နားပူနားဆာ မလုပ်ရက်ခဲ့ပါ။ သို့ပေမင့် ဆရာနှင့် ဆက်သွယ်ဖြစ်တိုင်း၊ ကျွန်တော် အပါးမလည်သော ဥပဒေရေးရာများ ရှင်းရှင်းလင်းလင်း သိလို၍ မေးမြန်းသည့်အခါတိုင်း စာမူ မျှော်နေဆဲ ဖြစ်ကြောင်း သတင်းစကား မဝံ့တဝံ့ ပါးရသည်။ လွန်ခဲ့သော နှစ်လဝန်းကျင်လောက်က ယခု စာမူ ရရှိလာသောအခါ ကျွန်တော် ဝမ်းမြောက်ပျော်ရွှင်ခဲ့ရသည်။ စာအုပ်သစ်တစ်အုပ် ထုတ်နိုင်ခြင်းထက် ယခုစာအုပ်ထဲမှာ ကျွန်တော် သိလိုသည်များကို ရှာဖွေ တူးဖော်ခွင့် ရလိုက်သောကြောင့် ဖြစ်ပါ၏။

လေ့လာမိသလောက် လွန်ခဲ့သော ဆယ်နှစ်လောက်အတွင်း ကျွန်တော်တို့နိုင်ငံတွင် ဥပဒေ ဆိုသည်က မကြုံစဖူး အထူး ရေပန်းစားလာသည်။ ဥပဒေပညာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ယခင်ကထက် လူကြိုက်များလာကြသည်။ ကျွန်တော်တို့ လုပ်ငန်းခွင်တွေမှာလည်း ဥပဒေနှင့် ညီမှု၊ တရားဥပဒေ စိုးမိုးရေး၊ Rule of Law ၊ Ruled by Law ဆိုသော စကားရပ်များ တွင်တွင်ကျယ်ကျယ် ဖြစ်လာသည်။ တစ်နည်းအားဖြင့် ပြည်သူထဲက လာသော ပြည်သူ့ကိုယ်စားပြုသူများက ဥပဒေပြုပိုင်ခွင့်အာဏာ စတင် ရရှိလာမှု၏ အသီးအပွင့်တစ်ခုဟု ဆိုနိုင်ပါ၏။

ဤသည်မှာ တိုးတက်မှု၏ ပြယုဂ်တစ်ခုအဖြစ် ဝမ်းမြောက်ပီတိဖြစ်စရာပါပေ။ ယင်းသို့ တိုးတက်မှုနှင့်အတူ ဥပဒေ ဆိုသည်တွင် သူချည်းသာလောဟု ဆင်ခြင်စရာများကိုလည်း သတိပြုမိလာပါသည်။ ဥပဒေ ဆိုသည်မှာ ဥပဒေပြု အာဏာပိုင်က ပြဋ္ဌာန်းလိုက်သည် ဆိုရုံဖြင့် ဥပဒေ ဖြစ်သွားပါပြီလား၊ ဥပဒေတစ်ရပ်မှာ ဘယ်လို စံသတ်မှတ်ချက်တို့ ပါဝင်နေပါမှ


mgyoe.com

mgyoe.com SAMPLE BOOK

အများပြည်သူအတွက် အမှန်တကယ် အကျိုးရှိသော ဥပဒေ ဖြစ်နိုင်ပါမည်လဲ၊ ဥပဒေတစ်ရပ်နှင့် အသီးသီး ချိတ်ဆက်ထား ကြသော မဏ္ဍိုင်ကြီးသုံးရပ် မည်သို့ ပူးပေါင်းလက်တွဲ ချိတ် ဆက်ကြပါမည်လဲ ဆိုသည်မှာ အတွေ့အကြုံများက ပေးသော ကျွန်တော့်အာရုံ ထင်ဟပ်ချက် တစ်ပိုင်းတစ်စများဟုသာ ဆို ချင်လည်း ဆိုနိုင်ပါသည်။

ဥပဒေကို လိုက်နာကျင့်သုံးရာတွင် ပြဋ္ဌာန်းဥပဒေ သက် သက်ချည်းသာ မပြည့်စုံနိုင်ကြောင်း စတင် နားလည်စပြုခဲ့ သည်မှာ လုပ်ငန်းခွင်ထဲ ရောက်၍ အတော် သက်တမ်းရလာ မှ ဖြစ်သည်။ ဘွဲ့ကြိုဥပဒေကျောင်းသားဘဝက သင်ကြားခဲ့ရ ဖူးသော ဥပဒေသိပ္ပံပညာ (Jurisprudence)၊ နိုင်ငံနှင့် ဥပဒေ သမိုင်း (History of State and Law)၊ အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေ(Administrative Law)၊ အများဆိုင်နှိုင်းယှဉ်ဥပဒေ (Comparative Public Law) ဆိုသော ပုဒ်မ ပြဋ္ဌာန်းချက် မပါ သီအိုရီသက်သက် သင်ခဲ့ရသော ဘာသာရပ်များကိုလည်း လွမ်းရကောင်းမှန်း သိလာရတော့သည်။ ကျောင်းမှာတုန်း ကတော့ ဒီဘာသာရပ်တွေ ဘယ်မှာများ သုံးရမှာပါတုံးဟု တွေးခဲ့ဖူးသော ကိုယ့်ကိုယ်ကိုယ်ပင် ခုများမှ ရှက်သလိုလို ဖြစ် ခဲ့ရသည်ကလည်း အမှန်ပင် ဖြစ်ပါ၏။ (ပထမနှစ်မှာ သင်ခဲ့ရ သော အလယ်ခေတ် ဥရောပသမိုင်း၊ Logic ၊ မြန်မာစာတို့ အသုံးဝင်ပုံများကလည်း စာရေးမည် ပြင်တိုင်း ကျေးဇူးပြင်ပြင် ထင်တာရှိသေးသည်။)

အထက်က စကားကိုပင် ပြန်ကောက်ရလျှင် ဥပဒေဆို သော တိုင်းပြည်နှင့်အဝန်း လိုက်နာရသော စည်းမျဉ်းစည်း ကမ်းကို ရေးဆွဲပြဋ္ဌာန်းရသူ၊ လိုက်နာကျင့်သုံး အကောင်ထည် ဖော်ပေးရသူ၊ ညီ မညီ စီရင်ဆုံးဖြတ်ပေးရသူများသည် လူ သားများသာ ဖြစ်ကြသည်။ လူ ဟူသည် ကိုယ့်စိတ်အာရုံတွင်



mgyoe.com

mgyoe.com SAMPLE BOOK

ထင်ဟပ်လာသော အတ္တနောမတီနှင့်သာ အဆုံးအဖြတ်ပြုကြ ရသည်ဟု သာမန်အားဖြင့် မှတ်ယူစရာပါပေ။ သို့သော် ဒါကို ထိန်းကွပ်စရာအဖြစ် ဘာတွေ ရှိနိုင်ဦးမလဲ ကျွန်တော် တွေး ကြည့်မိသည်။

ကျွန်တော်တို့နိုင်ငံတွင် မြန်မာမင်းများ လက်ထက်ကပင် စတင် ကျင့်သုံးခဲ့သော တရားစီရင်ရေးဆိုင်ရာ ရာဇသတ်၊ ဓမ္မသတ်၊ ဓလေ့ထုံးတမ်းများလည်း ရှိသည်။ ကိုလိုနီခေတ်က စတင် ကျင့်သုံးလာခဲ့သော Common Law ဟု ခေါ်သော အင်္ဂလိပ်ရိုးရာ ဥပဒေစနစ် ဟူ၍လည်း ရှိပြီး ဖြစ်သည်။ ထို့ အတူ ပြဋ္ဌာန်းဥပဒေ စနစ် (Civil Law System) အရ ဥပဒေ ပြုအာဏာပိုင် အဆက်ဆက်က ပြဋ္ဌာန်းခဲ့သော ဥပဒေများ လည်း ရှိသည်။ ယင်းသို့ ပြဋ္ဌာန်းဥပဒေများနှင့် ဓလေ့ထုံးတမ်း များအပြင် တွဲဖက် လိုက်နာသင့်သော အခြေခံမှုများ ဘာ ရှိ သင့်ပါသလဲဟု ဝေးဝေးပင် အဖြေရှာစရာ မလိုပါ။

The Burma Laws Act (1898) ပုဒ်မ ၁၃ (၃) တွင် 'ပုဒ်မခွဲ (၁) တွင်လည်းကောင်း၊ အခြားတည်ဆဲ ဥပဒေ ပြဋ္ဌာန်း ချက်များအရလည်းကောင်း ကိုးကား ဆုံးဖြတ်နိုင်ခြင်း မရှိ သော အမှုများတွင် ချမှတ်သော ဆုံးဖြတ်ချက်သည် တရား မျှတမှု (justice)၊ သာတူညီမျှမှု(equity) နှင့် စိတ်ကောင်း စေတနာထားရှိမှု (good consciense) တို့နှင့်အညီ ဖြစ်စေရ မည်'ဟု ဆိုထားပေသည်။

အဆိုပါ စကားရပ် သုံးခု၏ အနက်အဓိပ္ပာယ် အကျယ် အဝန်းကို မည်မျှ ကျင့်သုံး အကောင်အထည် ဖော်သလဲ ဆို သည်က အထက်ပါ သူချည်းသာလော ဆိုသော အမေးအတွက် ဖြေဆိုနိုင်မည်ဟု ယုံကြည်ပါသည်။ တရားမျှတမှု၊ သာတူ ညီမျှမှု၊ စိတ်ကောင်းစေတနာထားရှိမှု ဆိုသော စကားရပ် သုံးခုအနက် တရားမျှတမှု (Justice) နှင့် စိတ်ကောင်းစေတနာ



mgyoe.com

mgyoe.com SAMPLE BOOK

(Good Consciense) ဟူသော စကားရပ်များမှာ သမိုင်းအစဉ်အဆက် ကျင့်သုံးလာရင်းမှပင် စူးစမ်း ရှာဖွေနေဆဲ ဝေါဟာရများဟုပင် ဆိုနိုင်ပါသည်။ ခေတ်အမျိုးမျိုး၊ ခံယူချက်အမျိုးမျိုး၊ သမိုင်းကြောင်းနောက်ခံ အမျိုးမျိုးတို့အပြင် လိုက်နာ ကျင့်သုံးသူ၏ ကိုယ်ခံစွမ်းရည်နှင့်ပါ ဆက်စပ်နေသည်ဟု ယူဆပါသည်။

ဘီစီ ငါးရာစုက ဂရိအတွေးအခေါ်ပညာရှင် ပလေတိုပြုစု ရေးသားခဲ့သော Republic ကျမ်းတွင် အကောင်းအဆိုးနှင့် အကျိုးအပြစ်ကို ကောင်းစွာ သိရှိသောသူသာလျှင် တရားမျှတမှုကို ထိန်းကျောင်းနိုင်မည်ဟု ဆိုကရေးတီး၏ ဥပမာကို မှတ်တမ်းပြုခဲ့ဖူးပါသည်။ ဤသည်မှာ တရားမျှတမှုနှင့် စိတ်ကောင်းစေတနာတို့၏ ဆက်နွယ်မှုဟု ဆိုနိုင်ပါသည်။

Equity သဘောတရားမှာမူ Common Law System တွင် ရှေးယခင်ကတည်းက အစဉ်အဆက် ကျင့်သုံးလာသော တရားမျှတမှုနှင့် သာတူညီမျှမှု ရှာဖွေရေး လမ်းညွှန်နီတိများဟု ဆိုနိုင်ပါသည်။ ယင်းမှာ Justice နှင့် good consciense တို့ကဲ့သို့ စနစ်နှင့် ကာလကို လိုက်၍ ရွေ့လျားနိုင်ခြင်း မရှိတော့ဘဲ တိကျစွာ စဉ်းစား ချင့်ချိန်နိုင်ရေးကို အတွေးနယ်ချဲ့ပေးသော မူများဟုလည်း ပြော၍ရပါသည်။

ဆရာဦးမြင့်ဝင်း (ရွှေဘို) ၏ ယခုစာအုပ်မှာ ဥပဒေကို အသုံးပြု၍ ကိုင်တွယ် ကျင့်သုံး ဆောင်ရွက်ကြရမည့်သူများအနေဖြင့် ဥပဒေ မဟုတ်သော ယေဘုယျစည်းမျဉ်းများနှင့် Legal maxims ခေါ်သည့် နီတိများကို မိတ်ဆက် ရှင်းလင်းထားခြင်း ဖြစ်သည်။ စာအုပ်ကို အခန်း သုံးခန်းဖြင့် ဖွဲ့စည်းထားရာ အခန်း (၂) ပါ ယေဘုယျ မူသဘောများမှာ ဥပဒေကို ချဉ်းကပ် လေ့လာသူတို့အတွက် စဉ်းစားဖွယ်ရာ၊ ယုတ္တိကျကျ ဆင်ခြင်ဖွယ်ရာများ ပါဝင်နေပေသည်။ ဆရာက သူ ဖတ်မှတ်



mgyoe.com

mgyoe.com SAMPLE BOOK

လေ့လာခဲ့သော မူများကို အိန္ဒိယနှင့် မြန်မာ စီရင်ထုံးများဖြင့် ရှင်းပြထားသည်။ ကျွန်တော် စိတ်ဝင်စားခဲ့သော တိုင်းသိပြည်သိ အမှုကြီးကို ယခုကဲ့သို့ Principle တစ်ရပ်နှင့် တွဲကပ်ပြတော့မှ ကွက်ကွက်ကွင်းကွင်း မြင်လာမိတော့သည်။

တတိယအခန်း နီတိများ (Legal maxims) များမှ တချို့မှာ ကျွန်တော်တို့ ကြားဖူးနားဝ ရှိပြီးသား။ ဆရာ့ရှင်းပြချက်အရ နီတိအများအပြား ရှိသည့်အနက်မှ ကျွန်တော်တို့ဆီမှာ လက်တွေ့အသုံးဝင်လောက်မည့် နီတိများကို ရွေးနုတ်ရှင်းလင်းထားခြင်းဟု သိရသည်။

ယခုစာအုပ်မှာ စာအားဖြင့် သိပ်မများသော်လည်း နက်နဲသော သီအိုရီ သဘောတရားများကို စကားလုံး ကျစ်ကျစ်လျစ်လျစ် သုံးစွဲရှင်းလင်းထားရာ ယခင်စာအုပ်များကဲ့သို့ သွက်လက်လွယ်ကူစွာ မဖတ်နိုင်ခဲ့ပါပေ။ ဖတ်ရင်း စဉ်းစားရင်း အဆုံးသတ်သွားသောအခါတွင်မူကား ပီတိလွှမ်းသော ကျေနပ်အားရစိတ်ဖြင့် ဆရာ့ထံ ခွင့်တောင်းကာ ယခုစာကို ရေးရခြင်းဖြစ်ပါ၏။

ကျွန်တော်တို့ ဥပဒေလောကသားတွေ ဥပဒေနှင်တံကို ကိုင်စွဲလျက် ခရီးနှင်ကြရာတွင် ရည်မှန်းရာ ပန်းတိုင်ကတော့ တရားမျှတမှု ဟူသော ပန်းတိုင်သို့သာ ဖြစ်ကြပါလိမ့်မည်။ အဲသည်နှင်တံ ကိုင်စွဲသူ၏ မနောဓာတ်တွင် စိတ်ကောင်းစိတ်မြတ် မည်မျှ ပါမပါဆိုသည်ကလည်း အချိန်တန်လျှင် သူ့လုပ်ရပ်က သက်သေပြု ကျန်ခဲ့မည်ဟုလည်း ကျွန်တော် ယုံကြည်မိပါသည်။ ကောင်းမြတ်သော မနသိစလေ့ကို မွေ့လျော်လိုသူတို့ အာဟာရဓာတ် ဖြည့်တင်းရာတွင် ဤစာမျိုးဖြင့် ထောက်ကူနိုင်လိမ့်မည်ဟု ပီတိအားဖြင့် မျှဝေအပ်ပါသည်။

**ကြည့်ရှုန်း**

ဩဂုတ် ၂၃၊ ၂၀၂၀ ပြည့်နှစ်။



mgyoe.com

mgyoe.com SAMPLE BOOK

# စကားဦး

mgyoe.com

mgyoe.com SAMPLE BOOK



မှန်ကန်စွာ သုံးဖြတ်တိုင်း မျှတမှု မဖြစ်စေနိုင်သကဲ့သို့ မျှတစွာ
သုံးဖြတ်သည် ဆိုတိုင်းလည်း ဥပဒေအရ မမှန်ကန်နိုင်သည်များ
ရှိပါသည်။ ဥပဒေနှင့်လည်း ညီညွတ်စေပြီး မျှမျှတတလည်းရှိစွာ
စီရင် သုံးဖြတ်နိုင်ခြင်းသည်သာ တရားသူကြီး၏ ကျွမ်းကျင်မှု
အရည်အသွေး ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# စကားဦး

တရားမှုခင်းများတွင် အမှုစွဲဆိုလိုက်သည့် အချိန်မှစ၍ အမှုအပြီးသတ် ချုပ်ငြိမ်းသွားချိန်အတွင်း တရားခွင်ရှေ့၌ ဥပဒေပြဿနာများ အမျိုးမျိုး ပေါ်ပေါက်လျက်ရှိနေရာ တရားသူကြီးသည် ထိုပေါ်ပေါက်လာသော ပြဿနာတိုင်းကို နေ့စဉ်နှင့်အမျှ အဆုံးအဖြတ်ပေးနေရပါသည်။ ထိုသို့ အဆုံးအဖြတ်ပေးခြင်းသည် မည်သည့်အမှုသည်ဘက်ကိုမျှ အနိုင်ပေးခြင်း မဟုတ်၊ အရှုံးပေးခြင်း ဟူ၍လည်း မရှိ၊ ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်ပေးနေခြင်းသာဖြစ်သည်။ ပြဿနာပါ အချက်အလက်များအပေါ် ဥပဒေပြဋ္ဌာန်းချက်များကို အဓိပ္ပာယ် ဖွင့်ဆိုပေးခြင်းဖြင့် တရားမျှတမှုဆီသို့ ရှေးရှုတည့်မတ်ပေးရပါသည်။ ဤသည်ပင် တရားရုံး၏ ပဓာနအလုပ် ဖြစ်ပါသည်။ ဤသည်ပင် ဥပဒေနှင့် ညီညွတ်သော တရားစီရင်ခြင်း ဖြစ်ပါသည်။

တရားစီရင်ရေးတာဝန်သည် အမှုသည်တို့၏ ကံကြမ္မာကို အဆုံးအဖြတ် ပြုရခြင်း ဖြစ်သည့်အတွက် အလွန် ကြီးလေးပါသည်။ မည်မျှသေးဖွဲသည့်အမှု ဖြစ်စေကာမူ ယင်းအမှုအတွက် တရားရုံး၏ စီရင်မှုမှာ ဆိုင်ရာအမှုသည်၏ ဘဝအတွက် အမာ



mgyoe.com

mgyoe.com
SAMPLE BOOK

ရွတ်သဖွယ် ဖြစ်ပါသည်။ အသေးအဖွဲ့အမှုတွင် ချမှတ်သည့် ပြစ်ဒဏ် ဆိုသည်မှာ ကြီးလေးသော အမှုကြီးများတွင် ချမှတ်သောပြစ်ဒဏ် ဆိုသည်နှင့် အမျိုးအစားတူပင် ဖြစ်ပါသည်။ တရားစီရင်ရေးအာဏာ အပ်နှင်းခံရသူက ချမှတ်လိုက်သည့် 'ပြစ်ဒဏ်'များချည်းပင် ဖြစ်ရာ အာဏာစက် ပြင်းပါသည်။

ဤသို့ အာဏာပြင်းရခြင်းသည် အချုပ်အခြာအာဏာ၏ သရုပ်မှန် ဖြစ်ပါသည်။ တရားစီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခံရခြင်းသည် နိုင်ငံ၏ အချုပ်အခြာအာဏာ အပ်နှင်းခံရခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် အာဏာပြင်းသည်နှင့်အမျှ တာဝန်ယူရသည့် လုပ်ငန်းမှာလည်း ကြီးလေးလှသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

တစ်ခါက မြို့နယ် တစ်ခုတွင် ပြည်သူ့ကောင်စီ ကိုယ်စားလှယ်လောင်း လျာထားခြင်းနှင့် ဆက်စပ်၍ ပြဿနာပေါ်ဖူးပါသည်။ နိုင်ငံရေးပါတီ၏ ဦးဆောင်မှုအောက်တွင် ရွေးကောက်ပွဲကို ကျင်းပ မဲပေးကြရသည် ဖြစ်ရာ ကိုယ်စားလှယ်လောင်း လျာထားမှု အောင်မြင်လျှင် ရွေးကောက်ပွဲ အရွေးချယ်ခံရပြီးသကဲ့သို့ပင် ဖြစ်ပါသည်။ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ ဗဟိုအဆင့် ဟူ၍ အဆင့် ၄ ဆင့် ရှိရာ လူအများ စိတ်ဝင်စားဆုံးအဆင့်မှာ ကျေးရွာအဆင့်နှင့် မြို့နယ်အဆင့် ဖြစ်ပါသည်။

ကိုယ်စားလှယ်လောင်းအတွက် ပါတီတွင်း အတိုက်အခံများကြားမှ အောင်မြင်စွာ လျာထားခံရသူတစ်ဦးသည် ပြစ်မှု၊ ပြစ်ဒဏ် ကင်းရှင်းရပါသည်။ မြို့နယ်အဆင့် လျာထားခံရသူတစ်ဦးသည် အဆင့်ဆင့် အောင်မြင်ခဲ့ပါလျက် ပြစ်မှု၊ ပြစ်ဒဏ် ကင်းရှင်းမှု မရှိ၍ ပျက်ပြယ်ခဲ့ရပါသည်။

ထိုကိုယ်စားလှယ်လောင်း ကိုယ်တိုင်က မည်သည့် ပြစ်မှုမျှ ကျူးလွန်ခဲ့ဖူးခြင်း မရှိ၍ သူ့ကိုယ်သူ နားမလည်နိုင် ဖြစ်နေ

mgyoe.com

mgyoe.com SAMPLE BOOK

သောကြောင့် မေးမြန်းရာမှ ၎င်း ဒဏ်ငွေ ဆောင်ဖူးသည့် ဘီလစ်ပြေစာကို တွေ့ရသည်။ ပြန်စဉ်းစားမှ လွန်ခဲ့သော နှစ်က မြို့နယ်သို့ ရထားဖြင့် လာစဉ် အထူးလက်မှတ်စစ်အဖွဲ့ စစ်ဆေးသည့်အခါ လက်မှတ် မပြနိုင်၍ လက်မှတ်မဲ့ လူ ၄၀ ခန့်နှင့်အတူ ဒဏ်ရိုက်ထားသည့်ကိစ္စ ဖြစ်ပါသည်။ လက်မှတ် စစ်အဖွဲ့က တရားရုံး တင်ပို့ကာ တရားရုံးကလည်း လုပ်ရိုးလုပ် စဉ်အတိုင်း ဒဏ်ငွေ ချမှတ်ထားသည့် ကိစ္စ ဖြစ်ရာ ၁ ကျပ် ၂၅ ပြားတန် ရထားလက်မှတ် မဝယ်မိသည့်အဖြစ်က ဖျက်မရ သည့် အမာရွတ် ဖြစ်စေခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံ၏ အချုပ်အခြာအာဏာသည် ပြည်သူမှ ဆင်းသက် သည် ဟူသော မူသဘောကို လက်ခံ ကျင့်သုံးလာသည့်ခေတ် တွင် တရားရုံးများ၏ အချုပ်အခြာအာဏာ ကျင့်သုံးမှု ပုံစံ သည် ပြည်သူကို တာဝန်ခံသော သရုပ်သကန် ဖော်ဆောင် လာကြရသည်။

၂၀၁၉ ခုနှစ် တရားရုံး နှစ်ပတ်လည် အစီရင်ခံစာတွင် ပြည်ထောင်စု တရားသူကြီးချုပ်က ‘အမှန်အတိုင်း ဆုံးဖြတ်ရုံ သာမက ယင်းသို့ ဆုံးဖြတ်ကြောင်း အများ မြင်စေရာသည် ဆိုသည် တရားရုံးများတွင် ရှေးကပင် လေးစားလိုက်နာခဲ့သည့် ဆိုရိုးစကား ရှိသည်။ ယနေ့ခေတ်တွင် တရားရုံး၏ ဆုံးဖြတ် ချက်သာမက တရားရုံး၏ လုပ်ငန်း ဆောင်ရွက်ချက်များကို အများပြည်သူက သိရှိ နားလည်ခွင့် ရှိလာပြီ ဖြစ်သည်။ ဤ သည်မှာလည်း တရားစီရင်ရေးဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံ မှုကို ဖော်ပြနေခြင်းပင် ဖြစ်သည်။ တရားရုံးများ၏ ယန္တရား၊ လုပ်ဆောင်ချက်များ၊ လိုအပ်ချက်များကို သိရှိ နားလည်ထား မှသာ တရားစီရင်ရေးအပေါ် အမြင် ရှင်းလာပေလိမ့်မည်။ ထို့မှတစ်ဆင့် ယုံကြည်ကိုးစားလာပေလိမ့်မည်’ဟု ဥယျောဇဉ် စကား မှာကြားထားသည်ကို တွေ့ရပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အမှန်စင်စစ်အားဖြင့် တရားရုံးများ၌ တရားမျှတမှုနှင့် အမှန်တရားကို ရှာဖွေ ဖော်ထုတ်ရသည်မှာ အလွန် ခက်ခဲပါသည်။ သိမ်လည်း သိမ်မွေ့ပါသည်။ သက်ရှိလူများ၏ နေ့စဉ် လှုပ်ရှား ရုန်းကန်နေရသော ဘဝများ လုံခြုံ စိတ်ချရေးကို ဦးတည် ဆောင်ရွက်နေကြရသော လုပ်ငန်းစဉ် ဖြစ်သည့် အတွက် တာဝန် ကြီးလေးရသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

သို့ရာတွင် တရားရုံးများက အခြေခံ ဆုံးဖြတ်ရသည်မှာ ရုံးရှေ့ ရောက်ရှိလာသော သက်သေခံချက် အထောက်အထား များအရသာလျှင် ဖြစ်သည်။ ယင်းတို့ကို ကျော်လွန်ခွင့် မရှိ။ သက်သေခံ အထောက်အထား တင်သွင်းသူ၊ သက်သေခံချက် ထွက်ဆိုသူများမှာ သက်ရှိ လူသားများ ဖြစ်နေရာ ၎င်းတို့၏ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟတို့ဖြင့် တရားရုံး အမှုတွဲကို အရောင်ခြယ်ခံရသည့် အနေအထားမှာလည်း မလွှဲမရှောင် သာ ရင်ဆိုင်ကြရသော အနေအထား ဖြစ်ပါသည်။ တစ်ဖန် တရားရုံးတွင် ဆုံးဖြတ် စီရင်သူ တရားသူကြီးများသည်လည်း လူသားများပင် ဖြစ်နေရာ အထက်ပါ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဟု ဆိုသော အဂတိ နယ်ပယ်ကို ပင်ပန်း ခက်ခဲစွာ ကျော်ဖြတ်ကြရပြန်ပါသည်။

ဒေါက်တာမောင်မောင် ပြုစုသော 'နိုင်ငံတော် လုပ်ကြံမှု (ပြည်ထောင်စုနှင့် ဦးစော)' စာအုပ်တွင် ရေးသားချက်တချို့ကို ကောက်နုတ် တင်ပြလိုပါသည်။ ယင်းစာအုပ်တွင်-

*'တရားရုံးများတွင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ အဂတိ တရား ၄ ပါး ကင်းစင်ပါမှ တရားစီရင်ခြင်း ကြည်လင် နိုင်ပါသည်။ ထိုသို့ အဂတိများ မလိုက်စားဘဲ တရားစီရင် ခြင်း မှန်ကန်မျှတစေရန် နိုင်ငံ၏ အစိုးရကလည်း မှန်ကန်*

mgyoe.com

mgyoe.com
SAMPLE BOOK

မျှတသော စိတ်ထား ရှိရပါသည်။ တက်ကြွ ထက်မြက်သော အာဇာနှင့် တည်ငြိမ် ပြည့်ဝသော တရားတို့ကို ဒွန်တွဲ သုံးစွဲမှ နိုင်ငံသည် စည်းလုံး ချမ်းမြေ့၍ ကြွယ်ဝ တိုးတက်နိုင်ပါသည်။

အစိုးရက မှန်ကန်မျှတနိုင်ရန်အတွက် မှန်ကန်မျှတသော စိတ် သမစိတ္တတရားကို ပြည်သူတို့က နှလုံးကိန်းဝပ် လက်ခံ ကျင့်သုံးကြရပါမည်။ ပြည်သူတို့သည် မှန်ကန် မျှတသော တရားကို ကျင့်သုံးကြလျှင် အစိုးရသည်လည်း မှန်ကန် မျှတစွာ အုပ်ချုပ်ပေလိမ့်မည်။ တရားရုံးများသည်လည်း မှန်ကန်မျှတစွာ တရားစီရင်ကြပေလိမ့်မည်။ အစိုးရနှင့် တရားရုံးများ မှန်ကန်မျှတကြလျှင် ပြည်သူတို့ကလည်း မှန်ကန်မျှတစွာ လုပ်ကိုင်နေထိုင် ဆက်ဆံကြပေလိမ့်မည်။ ဤသို့ ပြည်သူ၊ အစိုးရနှင့် တရားရုံးများသည် အချင်းချင်း အကျိုးပြုနေကြပါသည်။ အချင်းချင်း မှီခို အားထားနေကြပါသည်။'

ဟု ရေးသားထားသည်ကို ဖတ်ရှုမှတ်သားရပါသည်။

ဒေါက်တာမောင်မောင် တရားသူကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်က ၁၉၆၉ ဖေဖော်ဝါရီလဖြင့် ထုတ်ပြန်ခဲ့သော အမှာစာ တစ်ရပ်တွင်-

'ရာဇဝတ်ဘေး ပြေးမလွတ်စေခြင်းသည် မကျူးလွန်အောင် အဟန့်အတားကောင်း ဖြစ်သည်။ တရားသူကြီးသည် ခုံသမာဓိသဖွယ် ငုတ်တုတ်ထိုင်၍ နှစ်ဖက် တင်ပြသော အချက်တို့ကိုသာ နားထောင်ရန် မဟုတ်၊ အမှန် ဖော်ထုတ်ရန် တာဝန်ရှိသည်။ နှစ်ဖက် မျှတစွာ အမှန်တရား ပေါ်ပေါက်ရေးကို ရှေးရှု၍ မေးသင့်သည်ကို မေးရန် လိုသည်။ တစ်ဖက်တွင်လည်း အပြစ် မရှိသူ အပြစ် မရလေအောင်၊ ရှေ့နေ မပါ၊ ဥပဒေ

mgyoe.com

mgyoe.com SAMPLE BOOK

နားမလည်သော တရားခံသည် အမှန်ကို ထုချေ တင်ပြနိုင်လေ အောင် စောင့်ရှောက်ပေးဖို့ တာဝန်ရှိပြန်သည်။'

ဟု မှာကြားထားသည်ကို တွေ့ဖူးပါသည်။

နိုင်ငံတော် တရားစီရင်ရေးမဏ္ဍိုင်ကို ပဲ့ကိုင် ထိန်းကျောင်း ကြရသော တရားသူကြီးချုပ်များ၏ စကားများကို ကြည့်ပါက တရားသူကြီးများ၏ တာဝန်ကျေပွန်မှု၊ လုပ်ငန်းခွင် ကျွမ်းကျင်မှု၊ သမာသမတ်ကျမှုတို့ဖြင့် တိုင်းပြည် တည်ဆောက်ရေး လမ်းကြောင်းကို မြင်သာပါသည်။

တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် ကျွမ်းကျင်မှု အရည်အသွေး လိုပါသည်။ ကျွမ်းကျင်မှု အရည်အသွေး ဆိုရာတွင် တည်ရှိပြီး ဥပဒေများကို မှန်ကန်စွာနှင့် မျှတစွာ ကျင့်သုံး စီရင်နိုင်ခြင်းကို ဆိုလိုပါသည်။ မှန်ကန်စွာ ဆုံးဖြတ်တိုင်း မျှတမှု မဖြစ်စေနိုင်သကဲ့သို့ မျှတစွာ ဆုံးဖြတ်သည် ဆိုတိုင်းလည်း ဥပဒေအရ မမှန်ကန်နိုင်သည်များ ရှိပါသည်။ ဥပဒေနှင့်လည်း ညီညွတ်စေပြီး မျှမျှတတလည်းရှိစွာ စီရင် ဆုံးဖြတ်နိုင်ခြင်း သည်သာ တရားသူကြီး၏ ကျွမ်းကျင်မှု အရည်အသွေး ဖြစ်ပါသည်။ ဥပဒေနှင့်လည်း ညီညွတ်ပြီး မျှမျှတတလည်း ဖြစ်စေသည့် စီရင်ချက်တစ်ရပ်သည် ယင်းကို ဖတ်ရှု နားလည်ရသော အများပြည်သူအဖို့ အရှုံးအနိုင်သဘောထက် တရားမျှတမှု သဘောကို ခံစားကြရပါသည်။ လုံခြုံမှု အရိပ်အာဝါသတစ်ရပ် အဖြစ်လည်း အားထားကြရပါသည်။

ပြည်သူများ ယုံကြည် ကိုးစားလာသော တရားစီရင်ရေး စနစ်သို့ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် မောင်းနှင်ကြရသော တရားသူကြီးများ၏ အခန်းကဏ္ဍနှင့်အတူ ယှဉ်တွဲ ပါရှိနေသူများမှာ ဥပဒေပညာဖြင့် အသက်မွေးနေကြသော ရှေ့နေရှေ့ရပ်များ ဖြစ်ပါသည်။ အမှုသည်တို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ် ခုခံရသူများ ဖြစ်သဖြင့် ၎င်းတို့ တာဝန်

mgyoe.com

mgyoe.com SAMPLE BOOK

ကျေပွန်မှသာ တရားရုံးကလည်း အမှန်တရားကို ရှာဖွေ ဖော်ထုတ်နိုင်မည် ဖြစ်ရာ တရားသူကြီးများနည်းတူ တာဝန် ကြီးလေးကြသူများ ဖြစ်ပါသည်။

စီရင်ထုံးများတွင် ဖတ်ရှုလေ့လာချက်များအရ ပညာဉာဏ် ကြီးမားပြီး တရားရုံးကို ဂုဏ်သိက္ခာရှိစွာ အထောက်အကူပြုသည့် ရှေ့နေကြီးများ၏ အရည်အချင်းများကို တွေ့ဖူးပါသည်။ မိမိကို ငှားရမ်းသည့် အမှုသည်၏အကျိုးငှာ ဥပဒေပြဋ္ဌာန်းချက်များ၏ ရှုထောင့်မှလည်းကောင်း၊ အစဉ်အလာဆုံးဖြတ်ချက်များ၏ ရှုထောင့်မှလည်းကောင်း၊ တရားမျှတမှုရှုထောင့်မှလည်းကောင်း ရှုထောင့်အဘက်ဘက်၏ အယူအဆများဖြင့် တင်ပြကာ ဖြောင့်မတ်စွာ တရားစီရင်ရေးတွင် တာဝန်ကျေပွန်ခဲ့ကြပါသည်။

တရားဥပဒေ နယ်ပယ်သည် ကျယ်ပြန့်လွန်းပါသည်။ လေ့လာ ဆည်းပူးမိလျှင် အတောမသတ် ဖြစ်တတ်ပါသည်။ မည်သည့် ဥပဒေ ပြဋ္ဌာန်းချက်မဆို အကြောင်းအကျိုးမဲ့စွာ ပြဋ္ဌာန်းထားသည် မဟုတ်ပါ။ လူတို့၏ စရိုက်လက္ခဏာကို ပဲ့ပြင်ရန်၊ နိုင်ငံ တည်ဆောက်မှု၏ လားရာကို ထိန်းကျောင်းရန်၊ လူမှုဘဝ လုံခြုံမှု၊ ပစ္စည်း လုံခြုံမှုကို ဖြစ်စေရန် စသည့် အကြောင်းတရားများကို အခြေခံ၍ ပြဋ္ဌာန်းကြသည်ချည်း ဖြစ်ပါသည်။ ထို့ပြင်မည်မျှ ထောင့်စေ့အောင် ရေးသားထားသည် ဆိုစေကာမူ ဥပဒေတိုင်းသည် ရည်ရွယ် မှန်းထားသည့်အတိုင်း အတိအကျ ပေါက်ရောက်စေရန် အကွက်မစေ့နိုင်ပါ။

သို့ဖြစ်ရာ တရားရုံးများသည် ဥပဒေ ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေပြု အဖွဲ့အစည်း မဟုတ်သည့်တိုင် ဥပဒေ၏ အာနိသင်ကို ရှင်သန်ထက်မြက်စေရန်အလို့ငှာ တရားစီရင်ရေး၏ အခြေခံ မူသဘောများ၊ နီတိများဖြင့် ဥပဒေ၏ အဆီအငေါ် မတည့်မှု၊ မပြတ်မသား ရှိနေမှု၊ ကျင့်သုံး၍ မရလောက်အောင် ဘေး

mgyoe.com

mgyoe.com
SAMPLE BOOK

ကျပ်နံကျပ် ဖြစ်မှု၊ တရားမဲ့ ဖြစ်စေသည့်ဘက်ကို ဦးတည်နေမှုတို့ကို ပြေလျော့စေရန် တရားစီရင်ခြင်းနည်းလမ်းဖြင့် ဥပဒေပြုတာဝန်ကို ထမ်းဆောင်ကြရပါသည်။

တရားစီရင်ရေးနယ်ပယ်တွင် နှစ်ပေါင်း ၄၀ ကျော် ဘဝအနေအထား အမျိုးမျိုးမှ ဖြတ်သန်းလာမိသည့် အချိန်တွင် 'အများ မြင်သာသော တရားသဖြင့် စီရင်ခြင်း' ဆိုသည့် စကားရပ်၏ အတောမသတ် ကျယ်ပြန့်မှုကို ဆင်ခြင်မိပါသည်။ ဥပဒေ ပြဋ္ဌာန်းချက်သက်သက်ကိုသာ ကျေညက်နေရုံမျှဖြင့် မပြည့်စုံနိုင်သည်များကို သတိထားမိလာပါသည်။ လက်ရှိအနေအထားမှာ တရားမျှတမှု ဖြစ်ထွန်းစေရန်သာမက ထိုသို့ဖြစ်ထွန်းမှုကို အများက သိရှိခံစားစေရန် အားထုတ်ကြရသည့် အရွေ့သဘောကို ရောက်ရှိနေပါသည်။

တရားဥပဒေ ပြဋ္ဌာန်းချက်များအဖြစ် ထုတ်ပြန်ထားခြင်း မရှိသော်လည်း တရားမျှတမှု ရှုထောင့်အရ တရားရုံးများက လိုက်နာကျင့်သုံးကြရသော ကျင့်စဉ်များ၊ နီတိများ ရှိပါသည်။ တရားစီရင်ရေးနယ်ပယ်တွင်လည်း သတိထား၍ဖြစ်စေ၊ သတိမထားမိဘဲဖြစ်စေ လိုက်နာကျင့်သုံးလျက် ရှိကြပါသည်။ ယင်းတို့ကို အလွယ်တကူ တွေ့ရှိ ကိုးကားနိုင်လျှင် အကျိုးရှိနိုင်သည်ဟု ယူဆသည့်အတွက် လက်လှမ်းမီရာ စာအုပ်များမှ ကောက်နုတ်၍ ဤစာအုပ်ကို ပြုစုပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များကို အခြေခံ၍ ပြုစုရခြင်း ဖြစ်သည့်အတွက် အချို့ဘာသာပြန်ဆိုမှုများတွင် အထစ်အငေါ့များ ရှိနိုင်ပါသည်။ အကောက်အယူ မလွဲစေရန် ရည်ရွယ်မှန်းထား၍ ပြုစုထားပါသည်။ နီတိများတွင်မူ ပို၍ သတိထားကာ လက်တင်ဘာသာ နီတိများကို အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပာယ် ဖွင့်ဆိုချက်ကိုပါ တစ်ပါတည်း ထည့်သွင်းထားပါသည်။ အလွယ်တကူ မှတ်သား ကိုးကားနိုင်စေရန် ရည်ရွယ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)၊ (၂၀၁၈-၂၀၂၂) များ ချမှတ်၍ တရားစီရင်ရေး၏ ပညာရပ် ကျွမ်းကျင်မှု၊ တာဝန် ခံယူနိုင်မှု၊ ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ရန် ဆောင်ရွက်လျက် ရှိသည်ဟု သိရှိရပါသည်။ တရားသူကြီးများ၊ တရားရေး အရာ ရှိများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။

ယနေ့ ပြောင်းလဲလာသော ခေတ်အခြေအနေအရ တရား ရုံးများ၏ မူလတာဝန် ဖြစ်သော ပြည်သူ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးတွင် တရားသူကြီးများ၏ ပညာရပ် စွမ်းရည် ဖြင့် ဖြောင့်မှန်စွာ တရားစီရင်ခြင်းနှင့်အတူ တာဝန်ခံနိုင်မှုဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကို တည်ဆောက်ခြင်းသည် ယှဉ်တွဲ လျက် ဖြစ်ထွန်းလာပါသည်။ ယင်းအကြောင်းအရာ ၃ ရပ်မှာ သီးခြားစီ ဖြစ်သော်လည်း အခြေခံ အုတ်မြစ်မှာမူ 'ပညာ ကျွမ်းကျင်မှုဖြင့် ဖြောင့်မှန်စွာ တရားစီရင်ခြင်း'သာ ဖြစ်ပါ သည်။ ဖြောင့်မှန်စွာ တရားစီရင်မှုသည် ပညာကျွမ်းကျင်မှုကို အခြေခံထားခြင်းကြောင့် တာဝန်ခံမှုလည်း အလိုအလျောက် ပါလာနိုင်သည်။ ပညာရပ်ကို တည့်မတ်မှန်ကန်စွာ ကျင့်သုံး စီရင်ခြင်း ဖြစ်သဖြင့် ဂုဏ်သိက္ခာလည်း မြင့်တက်လာမည်မှာ မလွဲနိုင်ပါ။ ဤအခါတွင် ပြည်သူအများ ယုံကြည်ကိုးစားသော တရားစီရင်ရေး ဖြစ်ပါပြီ။

ပညာကျွမ်းကျင်မှုဖြင့် စီရင် ဆုံးဖြတ် ချမှတ်ထားသော တရားရုံး စီရင်ချက်များကို ရှေးအဆက်ဆက်မှ ယနေ့အချိန်ထိ နှစ်စဉ် ထုတ်ဝေလျက်ရှိသော တရားစီရင်ထုံးများတွင် ရှာဖွေ တွေ့ရှိနိုင်ပါသည်။ တရားမျှတမှုကို ရှေးရှုကာ ကျွမ်းကျင်သည့် ဥပဒေပညာဖြင့် ပြဿနာကို ချဉ်းကပ် သုံးသပ် ရေးသားချက် များမှာ ကျိုးကြောင်း ဆီလျော်စွာ ရှိလှသဖြင့် ယနေ့တိုင်


mgyoe.com

mgyoe.com
SAMPLE BOOK

အားထား လိုက်နာကြရသည့် စီရင်ချက်များလည်း အများအပြားပင် ဖြစ်ပါသည်။ ပညာပြည့်ဝ နှလုံးလှစွာ ချမှတ်ထားသည့် စီရင်ချက်တစ်ရပ်သည် (ဆိုင်ရာအမှုသည်လည်း ပါဝင်ကောင်း ပါဝင်နိုင်ပါသည်) ပြည်သူအများကို လုံခြုံမှု ပေးနေမြဲသာ ဖြစ်သည့် သာဓက ဖြစ်ပါသည်။

အများပြည်သူ ယုံကြည်ကိုးစားသော တရားစီရင်ရေးသို့ မျှော်မှန်း တည်ဆောက်ကြရာတွင် တရားသူကြီးများနှင့်အတူ နှစ်ဖက် ရှေ့နေရှေ့ရပ်များ၏ တာဝန်မှာလည်း ယှဉ်တွဲလျက်ရှိပါသည်။ Bar and Bench စွမ်းဆောင်ရည် တူမျှမှသာ အောင်မြင်နိုင်ပါမည်။

ဖော်ပြခဲ့သော အယူအဆများဖြင့် ဤစာအုပ်ကို ပြုစုပါသည်။

ဦးမြင့်ဝင်း (ရွှေဘို)



mgyoe.com

mgyoe.com SAMPLE BOOK

(၁)

# မြန်မာ့တရားစီရင်ရေး အခြေခံမူနှင့် မြန်မာ့နီတိ

mgyoe.com

mgyoe.com SAMPLE BOOK



ရှေးအစဉ်အဆက် ဖြတ်သန်းခဲ့ကြသည့် အတွေ့အကြုံများ၊ မိမိ လူမျိုး၊ ဒေသ၊ ယုံကြည်မှုအလျောက် လိုက်နာခဲ့ကြသည့် အစဉ်အလာများကို အခြေခံကာ နီတိများ ဖြစ်ထွန်းခဲ့ပါသည်။ အဆိုပါ နီတိများကို ဥပဒေ၊ လက်စွဲများနှင့်အညီ ကျင့်သုံးခြင်းဖြင့် မိမိ၏ အမိန့်၊ ဆုံးဖြတ်ချက်၏ အာနိသင်သည် ပိုမို စူးရှ ထက်မြက်ပါလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)
# မြန်မာ့တရားစီရင်ရေး အခြေခံမူနှင့် မြန်မာ့နီတိ

## တရားစီရင်ရေး အခြေခံမူ

တရားရုံးများ၏ မူရင်း တာဝန်မှာ ဥပဒေ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရခြင်း ဖြစ်သည်။ မိမိရှေ့တွင် ရောက်လာသော ဖြစ်ရပ်အမျိုးမျိုး၊ အငြင်းအခုံ အမျိုးမျိုးတို့အပေါ် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ချိန်ထိုး သုံးသပ်ကာ အဆုံးအဖြတ်ပေးရခြင်းပင် ဖြစ်သည်။ ဥပဒေ ပြဋ္ဌာန်းချက်များက ရည်ရွယ်သည့်အတိုင်း သက်ရောက်စေရန် နိုင်ငံ၏ အချုပ်အခြာအာဏာဖြင့် မောင်းနှင်ရခြင်းဟု ဆိုရပါမည်။

ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာ ဟူ၍ ပိုင်းခြားထားရာ အာဏာအပ်နှင်းခံရသူများသည် နယ်ပယ် ကျူးကျော်မှု မရှိစေဘဲ ကျင့်သုံးကြရသည်။ ဥပဒေပြုရာတွင် တရားစီရင်သည့် ဘက်ကို သက်ရောက်စေသည့် ပြဋ္ဌာန်းချက်မျိုး ရေးဆွဲပြဋ္ဌာန်းခြင်း မပြုမိစေရန် သတိထားရသကဲ့သို့ တရားစီရင်ကြရာတွင်လည်း ဥပဒေ၏ ရည်ရွယ်ချက်ကို ကျော်လွန်၍ ဥပဒေပြုရာ မရောက်မိစေရန် ရှောင်ကြဉ်ကြရပါသည်။ စင်စစ်အားဖြင့် တရားစီရင်ခြင်း ဆိုသည်မှာ



mgyoe.com

mgyoe.com SAMPLE BOOK

ဥပဒေပြုအဖွဲ့က ပြုစုပြဋ္ဌာန်းလိုက်သည့် ဥပဒေ၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးခြင်းသာ ဖြစ်ပါသည်။

ဥပဒေပြုကြရာတွင် ရည်ရွယ်မှန်းထားသည့်အတိုင်း သိသာစေရန်မှာ စကားလုံး ဝေါဟာရများဖြင့် ပြသကြရသည်။ ဥပဒေအဖြစ် ရေးသားထားသည့် စကားလုံးများ၊ စကားစုများ၊ ဝေါဟာရများကို ဖတ်ရှု၍ ဥပဒေ ပြုသူများ၏ ရည်ရွယ်ချက်ကို ရှာဖွေကြရသည်။ တစ်ခါတစ်ရံတွင် ဥပဒေ၏ ရည်ရွယ်ချက်ကို အတိအလင်း ဖော်ပြထားသည့် ဥပဒေများ ရှိသကဲ့သို့ တစ်ခါတစ်ရံတွင် ဥပဒေ၏ ရည်ရွယ်ချက်ကို ဥပဒေတစ်ရပ်လုံး ဖတ်ရှုပြီး ကောက်ယူရသည်များ ရှိပါသည်။

တရားရုံး ဆိုသည့်အတိုင်း မိမိရှေ့ ရောက်ရှိလာသော အငြင်းပွားပြဿနာတိုင်းတွင် အမြင် နှစ်ဖက် ရှိကြသည်ချည်း ဖြစ်ပါသည်။ တစ်ဖက်နှင့် တစ်ဖက် အယူအဆ အမြင်များ နှစ်ဖက်စလုံးကို ကျိုးကြောင်း ကျနစွာ တင်ပြခွင့် ရစေခြင်းဖြင့် ဖြေရှင်းကြရသည်။ တစ်ဖက်သတ် တစ်နည်းအားဖြင့် ကိုယ်ပိုင်ပုဂ္ဂလိက အယူအဆဖြင့် ဖြေရှင်းဆောင်ရွက်ပေးရသည့် နေရာ မဟုတ်ပါ။ ထိုသို့ ဆောင်ရွက်ကြရာတွင် ဥပဒေ ပြဋ္ဌာန်းချက်များသက်သက်ဖြင့် ဖော်ပြရန် မပြည့်စုံနိုင်သည်များအတွက် အစဉ်အလာ ကျင့်သုံးမှုများအတိုင်း လိုက်နာကျင့်သုံးရပါသည်။ ထိုသို့ ကျင့်သုံးရသည့် အစဉ်အလာ ကျင့်သုံးမှုများကို အခြေခံမူသဘောများဟု စုစည်းခေါ်ဆိုနိုင်ပါသည်။ ယင်းမူသဘောများကို ပြဋ္ဌာန်း ဥပဒေများတွင် ရှာဖွေ၍ တွေ့ရှိနိုင်သည် မဟုတ်ပါ။ ပြဋ္ဌာန်းဥပဒေတွင် မပါရှိစေကာမူ တရားစီရင်ရေးယန္တရား၏ အဓိက တာဝန်ကို ချောမွေ့စွာ ကျေပွန်စေရေးအတွက် မဖြစ်မနေ လိုက်နာကြရပါသည်။

နိုင်ငံရေး ရေချိန်အရ ထားရှိရသည့် တရားစီရင်ရေး အခြေခံမူများကိုမူ သက်ဆိုင်ရာ နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများ၊

mgyoe.com

mgyoe.com SAMPLE BOOK

တရားစီရင်ရေးဆိုင်ရာ ဥပဒေများတွင် အတိအလင်း ဖော်ပြထားလေ့ ရှိကြပါသည်။ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ပါသည်။ သို့ရာတွင် တိုးတက်သော လူ့အဖွဲ့အစည်းတိုင်းက လက်ခံထားသော အခြေခံမူ သဘောများကို အခါခပ်သိမ်း ဥပဒေအဖြစ် ပြဋ္ဌာန်းထားခြင်း မတွေ့ ရပါ။ ယင်းတို့ကို အညွှန်းသဘောမျှ ဆက်လက်၍ ဖော်ပြလိုပါသည်။

ရာဇဝတ် တရားစီရင်ရေး ပင်မ မူသဘော ၄ ရပ်ကို ဥပဒေ နယ်ပယ်မှ လူတိုင်း အားလုံး သိရှိပြီး ဖြစ်ပါသည်။ ရာဇဝတ် ဥပဒေကို စတင် လေ့လာကြသည့် အချိန်မှစ၍ ရှေးဦး သင်ခန်းစာများ၌ ပါဝင် သော်လည်း ယင်းပင်မ မူများ၏ ပဓာနကျမှုကို အလုပ်ခွင်ကျမှ နက်ရှိုင်းစွာ နားလည်ရပါသည်။

(က) အပြစ်ရှိသူ ဖြစ်ကြောင်း သက်သေထင်ရှား မရှိသေးသမျှ ထိုသူကို အပြစ်ကင်းသူဟု မှတ်ယူရမည်။

(ခ) ကျိုးကြောင်းဆီလျော်စွာ သံသယ ပေါ်ပေါက်နေလျှင် ထို သံသယ၏ အကျိုးကို တရားခံသာ ခံစားခွင့်ရှိပြီး အပြစ် ပေး၍ မရ။

(ဂ) အမှုတိုင်းကို တရားခံ၏ ရှေ့မှောက်၌ ထွက်ဆိုသော သက် သေခံချက်များအရသာ စီရင်ရမည်။

(ဃ) မျှတရမည်၊ ဘက်မလိုက်ရ။

ပင်မမူ၏ အချက်တစ်ချက်ချင်းအလိုက် ရှင်းလင်းစွာ သဘော ပေါက်ထားရပါသည်။ အပြစ်ရှိသူ ဖြစ်ကြောင်း သက်သေထင်ရှား ဖြစ်ခြင်း ရှိ မရှိကို သက်သေခံဥပဒေပါ သက်သေပြရန် တာဝန်အခန်း ပြဋ္ဌာန်းချက်များနှင့် ချိန်ထိုးစဉ်းစားကြရပါသည်။ ထို့ပြင် အချို့ ပြဋ္ဌာန်း ဥပဒေများပါ 'မှတ်ယူရမည်' အထူး ပြဋ္ဌာန်းချက်များကို လိုက်နာကြ ရပါသည်။

ကျိုးကြောင်းဆီလျော်စွာ ပေါ်ပေါက်ရသည့် သံသယ ဆိုသည့် နေရာတွင်လည်း သက်သေခံ ဥပဒေ ပုဒ်မ ၃ ကပင် 'သက်သေ

mgyoe.com

mgyoe.com SAMPLE BOOK

ထင်ရှား ဖြစ်ခြင်း'အကြောင်း ဖွင့်ဆိုပြဋ္ဌာန်းချက်၌ ရှင်းလင်းထားပါသည်။ ယင်းအချက်မှာ သာမန်စဉ်းစားချင့်ချိန်ဉာဏ်စွမ်းရှိသူတစ်ဦး၏ အမြင်ဖြင့် ဖော်ထုတ်ရသည် ဖြစ်ရာ လူသားတို့၏ အပြုအမူ ဖြစ်ပွားချိန် အနေအထားတို့မှာ မပါမဖြစ် စဉ်းစားရသည် ဖြစ်၍ သင်္ချာပုစ္ဆာကဲ့သို့ အဖြေထုတ်နိုင်သည် မဟုတ်ပါ။ တရားရုံးအနေဖြင့် အဖြစ်နိုင်ဆုံး အခြေအနေကိုသာ မှန်းဆ၍ ဆောင်ရွက်ကြရပါသည်။

တရားခံ၏ ရှေ့မှောက်တွင် ယူထားသော သက်သေခံချက်ဖြင့် စီရင်ရန် ဆိုသည်မှာ ပင်မ မူသဘော ဖြစ်သည့်တိုင် အခါခပ်သိမ်း တရားခံ၏ ရှေ့မှောက်တွင် စစ်ဆေးနိုင်သည် မဟုတ်ပါ။ ခြွင်းချက်များ ပေးထားရပါသေးသည်။ အချို့ တရားခံ ထွက်ပြေးနေသည်၊ အချို့ တရားခံများက ရုံးရှေ့တွင် လာရောက်ခြင်းမှ ကင်းလွတ်ခွင့် တောင်းခံ ရယူထားသည်၊ အချို့ အမှုများတွင် ရှေ့နေ လာရောက်ခြင်းဖြင့် တရားခံ ရုံးရှေ့ရောက်ခြင်းမှ ကင်းလွတ်ခွင့် ပြုထားရသည်၊ အချို့အမှုများတွင် သက်သေမှာ ရပ်ဝေးနယ်ခြားဖြင့် ကော်မရှင်ဖြင့် စစ်ဆေးရသည်၊ အချို့ ရုန်းရင်းဆန်ခတ် မှုခင်းများအတွက် တရားရုံးက တစ်ဖက်သတ် အမိန့်ချကာ ငြိမ်ဝပ်စေရသည်များ ရှိပါသည်။ ပင်မမူကြီးမှာ အဓိက လိုက်နာရန် ဖြစ်ပြီး ယင်းမူကို မလိုက်နာလိုပါက ခြွင်းချက်ကို ဥပဒေအဖြစ် အတိအလင်း ဖော်ပြ ပြဋ္ဌာန်းရသည်ကို သတိထားသင့်ပါသည်။

မျှတရမည်၊ ဘက်မလိုက်ရ ဆိုသည့် အချက်မှာ ပြဋ္ဌာန်းချက် အဖြစ် ထုတ်ပြန်ရန် မဟုတ်၊ တရားစီရင်ရေးတွင် အားလုံး လက်ခံထားပြီးသော တာဝန်ခံရသည့်မူ ဖြစ်ပါသည်။ ထို့ပြင် လိုက်နာရန် သင့် မသင့် ချင့်ချိန် စဉ်းစားကာ ကျင့်သုံးရသည့် မူတစ်ရပ် မဟုတ်၊ မိမိ၏ အာဏာကို အသေအချာ ခိုင်မြဲစေသည့် ဆောင်ရွက်မှုအဖြစ် လိုက်နာ ကျင့်သုံးကြရပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

အထက်ဖော်ပြပါ ပင်မ မူသဘောများကို အခြေခံပြီးနောက် ပြဋ္ဌာန်း ဥပဒေတစ်ရပ်အား အကဲဖြတ် ဖွင့်ဆိုရာတွင် ထားရှိရသော သဘောများကို ဆက်လက် ဖော်ပြလိုပါသည်။ ဥပဒေတိုင်းတွင် ရှေးဦးစွာ တွေ့ရမည်မှာ ဥပဒေ၏အမည် ဖြစ်ပါသည်။

ဥပဒေ၏ အမည်ကို အတိုကောက် ခေါ်ကြသကဲ့သို့ နာမည် အပြည့်အစုံ ခေါ်ကြသည်များ ရှိပါသည်။ မည်သို့ ခေါ်သည်ဖြစ်စေ ဥပဒေ၏ ရည်ရွယ်ချက်ကို ယေဘုယျ ညွှန်းဆို၍ သတ်မှတ်ခေါ်ဆို ကြခြင်း ဖြစ်ပါသည်။ အများ နားလည်လွယ်စေ၊ မှတ်သားလွယ်စေ ဟူသော စေတနာဖြင့် မှည့်ခေါ်ကြခြင်းသာ ဖြစ်ပြီး တရားစီရင်ရာ တွင်မူ ကိုးကားစီရင်ရသော နေရာတွင် မရှိပါချေ။

ဆက်လက်၍ 'နိဒါန်း' ဟူ၍ ရှိတတ်ပါသည်။ နိဒါန်းသည် ဥပဒေ ၏ ရည်ရွယ်ချက်များကို ယေဘုယျအားဖြင့် စုစည်းထားပါသည်။ တိုက်ရိုက် ကိုးကားရာတွင် ကျင့်သုံး၍ မရနိုင်သော်လည်း ဆက်လက် ပြဋ္ဌာန်းသည့် ပြဋ္ဌာန်းချက်များသည် အဓိပ္ပာယ် ရှင်းလင်း သေချာမှု မရှိ၍ ဥပဒေ၏ ရည်ရွယ်ချက်ကို ရှာဖွေဖော်ထုတ်ရသည့်အခါမျိုး တွင် ကိုးကားနိုင်ပါသည်။ အဓိပ္ပာယ် တိကျစွာ ရှင်းလင်း သေချာ သော ပြဋ္ဌာန်းချက်များအတွက် ဤနိဒါန်း ဖော်ပြချက်များဖြင့် လွှမ်းမိုး ခြင်း မပြုနိုင်ပါ။

ဘေးခေါင်းစဉ်များ၊ အခန်းလိုက် ခေါင်းစဉ်များ ရှိပါသေးသည်။ ဥပဒေ၏ ပင်ရင်း ပြဋ္ဌာန်းချက်များကို မလွှမ်းမိုးနိုင်ပါ။ အချို့ ကိစ္စများ တွင် အခန်းလိုက်ခေါင်းစဉ်ဖြင့် သဘောတူရာ ပြဋ္ဌာန်းချက်များကို စုစည်းထားသည် ဖြစ်စေကာမူ ထိုအခန်းလိုက် ခေါင်းစဉ်သည် ၎င်း အောက်ရှိ ပြဋ္ဌာန်းချက်အုပ်စုကို အခြားအခန်းမှ ခွဲခြားထားရာ မရောက်သည်များ တွေ့ရှိရပါသည်။ (ဥပမာ- မောင်သန်းထွန်း နှင့် မခင်နှင်းရီ အမှု၊ ၁၉၇၂ မစထ)

mgyoe.com

mgyoe.com SAMPLE BOOK

ဥပဒေတိုင်းလိုလိုပင် ပါရှိသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ အခန်းမှာမူကား ယင်းဥပဒေတွင် သုံးနှုန်းထားသော ဝေါဟာရများကို ဥပဒေ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီစေရန် ဖွင့်ဆိုပေးသည့်အခန်း ဖြစ်၍ အလွန် အရေးကြီးပါသည်။ ဝေါဟာရတိုင်းသည် သဘာဝအားဖြင့် သူ့အဓိပ္ပာယ်ကိုသူ ဆောင်ပြီး ဖြစ်ပါသည်။ သို့ပါလျက် ဥပဒေတွင် သုံးနှုန်းထားသော ဝေါဟာရသည် သဘာဝအားဖြင့် ရှိထားပြီးသော အဓိပ္ပာယ်မှ ခြားနားစွာ အဓိပ္ပာယ်ဆောင်စေလိုသည့်အခါ ဤအခန်း၌ ဖွင့်ဆိုပေးရပါသည်။ ဥပဒေ တစ်ရပ်လုံးတွင် သုံးနှုန်းထားသော အဆိုပါ ဝေါဟာရသည် ဤဖွင့်ဆိုထားသည့် အဓိပ္ပာယ်ကိုပင် ဆောင်ရပါသည်။

ဥပမာအားဖြင့် သက်သေခံ အက်ဥပဒေ ပုဒ်မ ၃ ၌ 'တရားရုံး'၊ 'စပ်ဆိုင်ခြင်း'၊ 'သက်သေခံချက်' စသော ဖွင့်ဆိုချက်များသည် သက်သေခံ ဥပဒေအရ တင်သွင်းရသော ကိစ္စရပ်များအတွက် အသုံးပြုရတိုင်း ဤဖွင့်ဆိုထားသည့် အဓိပ္ပာယ် သက်ရောက်မှုဖြင့် သုံးစွဲရပါသည်။ 'သက်သေထင်ရှား မရှိခြင်း'နှင့် 'သက်သေ မထင်ရှားခြင်း' တို့ မတူပါချေ။

သို့ရာတွင် ဤဖွင့်ဆိုချက်များကို အစပျိုး ပြဋ္ဌာန်းထားသော 'ဤဥပဒေတွင် ရှေ့နောက် ဆက်စပ်သော စကားရပ်များကို ထောက်ချင့်၍ ဆန့်ကျင်သော အဓိပ္ပာယ် ပေါက်စေရန် ရည်ရွယ်ချက်ရှိသည်ဟု မပေါ်ပေါက်'မှသာ ဤဖွင့်ဆိုချက်များအတိုင်း ဖြစ်ကြောင်းကို သတိထားရန် ဖြစ်ပါသည်။ အရေးအသား စကားဆက်များအရ ဆန့်ကျင်သော အဓိပ္ပာယ် ပေါက်နေပါလျှင်မူကား ဤအဓိပ္ပာယ် ဖွင့်ဆိုချက်အတိုင်း မဖြစ်နိုင်သည်ကို ဆိုလိုပါသည်။

ခြွင်းချက်များ ရှိပါသေးသည်။ ပြဋ္ဌာန်းချက်ထဲ၌ပင် ခြွင်းချက်ဟူ၍ ဖော်ပြထားလျှင် ထိုခြွင်းချက်ပြုသမျှသည် မူရင်းပြဋ္ဌာန်းချက်၌ ဖော်ပြပါ အချက်များမှ ကင်းလွတ်ရသည်။ 'ထောက်ထား၍'၊

mgyoe.com

mgyoe.com
SAMPLE BOOK

'မှတ်စ်ပါး'၊ 'သို့ရာတွင်' ဟူ၍ သုံးနှုန်းကာ ပင်ရင်း ပုဒ်မပါ အချက်များမှ ကင်းလွတ်စေပါသည်။ အချို့ဥပဒေများတွင် ခြွင်းချက်များကို ရာဇသတ်ကြီး ဥပဒေကဲ့သို့ ကင်းလွတ်ရမြဲအချက်များ၊ ကာကွယ်ခုခံပိုင်ခွင့် ဟူ၍ သီးခြားအခန်းတစ်ခန်းဖြင့် ခြွင်းချက်များ ပြဋ္ဌာန်းထားသကဲ့သို့ ခြွင်းချက်ပြုသည့် အချက်များကို သီးခြားပုဒ်မများ ပြဋ္ဌာန်းသည်လည်း ရှိပါသည်။ မည်သို့ ပြဋ္ဌာန်းသည်ဖြစ်စေ ခြွင်းချက်ပြဋ္ဌာန်းချက် အားလုံးသည် ဥပဒေ၏ ရည်ရွယ်ချက်ကို အကောင်အထည် ဖော်ကြရာ၌ မဖြစ်မနေ လိုက်နာ ကျင့်သုံးကြရပါသည်။

ခြွင်းချက်နှင့် ဆက်စပ်၍ တွေ့ရလေ့ရှိသည်မှာ ဥပမာများ ဖြစ်သည်။ ဥပမာများသည် ဆိုင်ရာ ပုဒ်မ၏ ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း နားလည်သိရှိစေရန် ပုဒ်မနှင့်အတူ တွဲ၍ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဥပဒေတွင် ရေးသားရသော စကားရပ်များသည် ရည်ရွယ်သည့်အတိုင်း အကျိုးသက်ရောက်ငှာစေရန် ရေးသားရသည် ဖြစ်သဖြင့် မည်မျှ ရှင်းလင်းအောင် သဒ္ဒါနည်းကျကျ ရေးသားထားသည် ဖြစ်စေကာမူ အလွယ်တကူ ဖတ်ရှုနားလည်နိုင်ရန် ခက်ခဲတတ်ပါသည်။

ဥပမာ- သက်သေခံ ဥပဒေ ပုဒ်မ ၁၁၄ တွင် တရားရုံးက အမှန်ဟု မှတ်ယူနိုင်သည့် အခွင့်အာဏာကို ဖော်ပြရာ၌ 'အမှု အကြောင်းအရာနှင့် ဆက်စပ်လျက်ရှိသော သဘာဝ အဖြစ်အပျက်များ၊ လူတို့၏ အမူအကျင့်နှင့် အများပြည်သူဆိုင်ရာ လုပ်ငန်းနှင့် ပုဂ္ဂလိကဆိုင်ရာ လုပ်ငန်းတို့၏ အများအားဖြင့် ဖြစ်တတ်သည့် ဖြစ်ရိုးဖြစ်စဉ်သဘောကို ထောက်ရှုဆင်ခြင်လျက် အကြောင်းခြင်းရာ တစ်ခုခု ဖြစ်တန်ရာသည်ဟု ထင်မြင်လျှင်' ဟူ၍ ဖော်ပြကာ မှတ်ယူနိုင်ခွင့် ပေးထားပါသည်။ အလွယ်တကူ နားလည်ကျင့်သုံးရန် ဤပြဋ္ဌာန်းချက် သက်သက်ဖြင့် ဆိုပါမူ အခက်အခဲ ရှိပါသည်။

သို့ဖြစ်ရာ မည်သည့် သဘာဝ အဖြစ်အပျက်၊ မည်သည့် အမူအကျင့်၊ မည့်သည့် ဖြစ်ရိုးဖြစ်စဉ်တို့ကို ထောက်ထား၍ ဖြစ်တန်ရာ

mgyoe.com

mgyoe.com SAMPLE BOOK

သည့် အနေအထားကို မှတ်ယူနိုင်ရန် ဥပမာပေါင်း ၉ ခု ပေးထားကာ ထိုဥပမာများသည် မည်သို့ ထောက်ထားဆင်ခြင်ရသည့် ဥပမာ ၉ ခုဖြင့် ရှင်းလင်း ပြဋ္ဌာန်းထားပါသည်။

ဥပမာများသည် မူရင်း ပြဋ္ဌာန်းချက်များနှင့် တွဲလျက် ပြဋ္ဌာန်းချက်များ ဖြစ်ရာ ဥပဒေပါ ပြဋ္ဌာန်းစာသားများပင် ဖြစ်ပါသည်။ သို့ရာတွင် ဤ ဥပမာစာသား ပြဋ္ဌာန်းချက်များသည် ဥပဒေ ပြဋ္ဌာန်းချက်များကိုမူကား လွှမ်းမိုးနိုင်ခြင်း မရှိပါချေ။

ရှင်းလင်းချက် ဟူ၍ ရှိပါသေးသည်။ ဆိုင်ရာပုဒ်မ၏ နောက်တွင် ကပ်လျက်ပါလေ့ ရှိပါသည်။ မူလ ပြဋ္ဌာန်းချက်အပေါ် အဓိပ္ပာယ် ကောက်ရာ၌ ရှင်းလင်းစေရန် လမ်းညွှန်သည့် ပြဋ္ဌာန်းချက် ဖြစ်သည့်အတွက် မဖြစ်မနေ လိုက်နာရပါသည်။ သို့ရာတွင် ရှင်းလင်းချက် တစ်ရပ်သည် သက်ဆိုင်ရာ ပုဒ်မအတွက်သာ ဖော်ပြချက် ဖြစ်သည်။ အခြားပုဒ်မတွင် ဤပုဒ်မ၏ ရှင်းလင်းချက်ကား ကျင့်သုံး၍ မရပါပေ။

အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကို လေ့လာရာတွင် သတိထားရသည့် အချက်တစ်ရပ် ရှိပါသေးသည်။ ဥပဒေကို အဓိပ္ပာယ် ကောက်ကြရာ၌ ဆိုင်ရာဘာသာ၏ သဒ္ဒါစည်းကမ်းနှင့် အညီ ကောက်ယူကြရခြင်း ဖြစ်ရာ အင်္ဂလိပ်ဘာသာ၌ ပါရှိသော (:) (;) (,) များ၊ စကားဆက်အဖြစ် အသုံးပြုသော (-) စသည်တို့သည် သူ့အတိုင်းအတာလိုက် ဖတ်ရှု နားလည်ကြရပါသည်။

## မြန်မာ့နီတိများ

နေ့စဉ်ပြောဆိုနေကြသော စကားရပ်များကို မှတ်တမ်းတင်ကြရာ၌ ဘာသာစကားက သတ်မှတ်ထားသော စကားလုံး ဝေါဟာရများကို အသုံးပြုကြရသည်။ သာမန်လူအများ၏ စကားလုံးများသည် အချုပ်အခြာ အာဏာပိုင်သူများက ယင်းတို့၏ အာဏာနှင့်အညီ ထုတ်ပြန်လိုက်သည်နှင့်တစ်ပြိုင်နက် အာဏာ စီးဝင်လာပါသည်။ အုပ်ချုပ်သူ

mgyoe.com

mgyoe.com SAMPLE BOOK

က ရေးထား ထုတ်ပြန်လိုက်သည့် အမိန့်၊ တရားစီရင်သူက ရေးသား ချမှတ်လိုက်သော စီရင်ချက်၊ ဥပဒေပြုသူက ရေးသားထုတ်ပြန်လိုက်သော ဥပဒေတို့သည် အချုပ်အခြာ အာဏာများ စီးဝင်နေသည့် ဝေါဟာရများ ဖြစ်ရာ လူအများက လိုက်နာကြရသည်။

ဥပဒေအဖြစ် ထုတ်ပြန်လိုက်သည့် ဝေါဟာရ စကားလုံးများက ညွှန်ပြသော အချက်များအတိုင်း ဖြစ်မြောက်စေရန် အုပ်ချုပ်သူများက အမိန့်အာဏာ သုံးရသည်။ မလိုက်နာသူများကို တရားစီရင်သူက စီရင်ချက်ချမှတ်၍ ထိန်းကျောင်းရသည်။ အုပ်ချုပ်သူ၊ တရားစီရင်သူ နှစ်မျိုးသည် ဥပဒေပြုသူက ထုတ်ထားသည့် ဥပဒေအဖြစ် ရေးသားထားသော စကားစုများ၏ ရည်မှန်းချက်ကို ၎င်းတို့၏ လုပ်ငန်း ဆောင်ရွက်မှု၊ စီမံမှုများဖြင့် ဖြည့်ဆည်းကြရသည်။ 'မြက်ခင်းပေါ် မနင်းရ' ဟူသော ဥပဒေတစ်ခု ထုတ်သည် ဆိုပါစို့၊ ထိုဥပဒေအရ မြက်ခင်းပေါ် မနင်းစေရန် အရံအတား အစီအမံများကို အုပ်ချုပ်သူက စီမံဆောင်ရွက်ရသည်။ ထိုသို့ စီမံဆောင်ရွက်မှုကို မလိုက်နာသူကို တရားရုံးများက ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ရသည်။

ထိုကဲ့သို့ ဥပဒေ ပြဋ္ဌာန်းချက်များကို ဥပဒေ၏ ရည်ရွယ်မှန်းထားချက်အတိုင်း ဖြစ်မြောက်စေရန် အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာပိုင်များက လက်တွေ့ ဖြည့်ဆည်း ဆောင်ရွက်ချက်များသည် မိမိ၏ အာဏာဘောင်အတွင်းမှ ဥပဒေ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း လုပ်ငန်းများကို လုပ်ဆောင်နေကြခြင်းပင် ဖြစ်ပါသည်။

ဥပဒေ အနက်အဓိပ္ပာယ် ဖွင့်ကြရာ၌ အုပ်ချုပ်ရေးကလည်း အုပ်ချုပ်ရေးနယ်ပယ်အလျောက်၊ တရားစီရင်ရေးကလည်း တရားစီရင်ရေးနယ်ပယ်အလျောက် လိုက်နာကြရသည့် နည်းစနစ်များ ရှိပါသည်။ ကျင့်ထုံးများဟု လွယ်လွယ် ခေါ်နိုင်ပါသည်။ တစ်နည်းအားဖြင့် ပေးအပ်ထားသည့် အာဏာကို ကျင့်သုံးရာတွင် လွန်ကဲခြင်း၊

mgyoe.com

mgyoe.com SAMPLE BOOK

လျော့နည်းခြင်း မဖြစ်စေရန် ထိန်းကျောင်း တည့်မတ်ပေးသော နည်းစနစ်များ ဖြစ်ပါသည်။ အုပ်ချုပ်မှုလုပ်ငန်းများကို အစဉ်အလာ ကြီးစွာ ဆောင်ရွက်ခဲ့ကြရသော အုပ်ချုပ်ရေး အဖွဲ့အစည်းကြီးတချို့က ထိုနည်းစနစ်များကို အလွယ် နားလည် ကျင့်သုံးနိုင်ကြစေရန် 'လက်စွဲ'များအဖြစ် စုစည်း ထုတ်ပြန်ထားကြပါသည်။ ရဲလက်စွဲ၊ သစ်တောလက်စွဲ၊ အကျဉ်းထောင်လက်စွဲ၊ မြေစာရင်းလက်စွဲ၊ ရေနံမြေလက်စွဲ စသည်ဖြင့် ရှိပါသည်။ တရားစီရင်ရေးတွင်လည်း တရားရုံးများလက်စွဲ ဟူ၍ ရှိပါသည်။

တစ်ခါတစ်ရံတွင် ပြဋ္ဌာန်းထုတ်ပြန်သည့် ဥပဒေ၌လည်းကောင်း၊ လက်စွဲများ၌လည်းကောင်း ဖော်ပြချက်များနှင့် တိုက်ရိုက် အံမဝင်နိုင်သော အဖြစ်အပျက် ဖြစ်ပွားမှုများ ဖြစ်ပေါ်တတ်ပါသည်။ သို့မဟုတ်ပါကလည်း ဖြစ်ပွားလာသည့် အဖြစ်အပျက်အပေါ် လက်ရှိ ဥပဒေ၊ လက်စွဲများဖြင့် ဆုံးဖြတ်ရသည့် အဆုံးအဖြတ်အား ပိုမို အာနိသင် ထက်မြက်စေနိုင်သည့် သဘာဝကျစေသည့် အကိုးအကားများ လိုအပ်လာသည်များ ရှိလာတတ်ပါသည်။ ထိုအခါမျိုးတွင် ကိုးကားလေ့ရှိသော နီတိစကားများ ရှိပါသည်။ တချို့က ယင်းတို့ကို ဆိုရိုးစကားဟုလည်း သုံးနှုန်းကြပါသည်။ အုပ်ချုပ်ရေး နီတိများ၊ တရားစီရင်ရေး နီတိများဟု ဆိုကြပါသည်။

ရှေးအစဉ်အဆက် ဖြတ်သန်းခဲ့ကြသည့် အတွေ့အကြုံများ၊ မိမိလူမျိုး၊ ဒေသ၊ ယုံကြည်မှုအလျောက် လိုက်နာခဲ့ကြသည့် အစဉ်အလာများကို အခြေခံကာ နီတိများ ဖြစ်ထွန်းခဲ့ပါသည်။ အဆိုပါ နီတိများကို ဥပဒေ၊ လက်စွဲများနှင့်အညီ ကျင့်သုံးခြင်းဖြင့် မိမိ၏ အမိန့်၊ ဆုံးဖြတ်ချက်၏ အာနိသင်သည် ပိုမို စူးရှ ထက်မြက်ပါလိမ့်မည်။

လက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစနစ်သည် အစဉ်အလာ မြန်မာ့စနစ်များ မဟုတ်ပါ။ အင်္ဂလိပ်က

mgyoe.com

mgyoe.com
SAMPLE BOOK

တင်သွင်းလာသော စနစ်များ ဖြစ်ပါသည်။ မြန်မာ့လူနေမှုစနစ်နှင့် ကိုက်ညီအောင်၊ စရိုတ် အကုန်အကျ သက်သာအောင် အင်္ဂလိပ် အစိုးရက ဖန်တီး သွတ်သွင်းလာသော စနစ်များ ဖြစ်ပါသည်။

သို့ဖြစ်သည့်တိုင် နှစ်ပေါင်းကြာခဲ့ပြီ ဖြစ်၍ ထိုတင်သွင်းလာသော စနစ်များမှာ မိမိတို့ လူ့အဖွဲ့အစည်းနှင့် ကျင့်သားရ ကျင့်သုံးနေကြပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ တရားရုံးများသည် ထိုစနစ်အောက်တွင် ကြီးထွား ရှင်သန်ခဲ့ကြပြီး ဖွံ့ဖြိုးခဲ့ကြရပေသည်။ ကြပ်မတ် ထိန်းကျောင်းသည့် ကျင့်ထုံး နည်းလမ်းများမှာ အများစုအားဖြင့် အင်္ဂလိပ် အစိုးရ တင်သွင်းလာသည့် စနစ်များ၊ နည်းနာများသာ ဖြစ်ဆဲ ဖြစ်ပါသည်။

မြန်မာ့ဓလေ့ထုံးတမ်းနယ်ပယ်တွင်မူကား အင်္ဂလိပ် အုပ်ချုပ်စဉ်ကပင် မြန်မာပညာရှင်ကြီးများ၏ အကြံဉာဏ်ကိုယူ၍ ဓမ္မသတ်၊ ဖြတ်ထုံးတို့ကို ကိုးကားစီရင်ခဲ့ကြရသည်။ ဓမ္မသတ်၊ ဖြတ်ထုံးများပါ အစဉ်အလာ လိုက်နာမှုများ၊ အဆုံးအမများဖြင့် မြန်မာ့လူ့ဘောင်ကို ယနေ့အထိ ထိန်းသိမ်း စောင့်ရှောက်လျက် ရှိပါသည်။ အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်တွင် အသုံးချလျက်ရှိသော ဆိုရိုးနီတိများ ရှိသကဲ့သို့ မြန်မာ့ဓလေ့ထုံးတမ်းတွင်လည်း တရားစီရင်ရေးနှင့် သက်ဆိုင်သော မြန်မာ့ဆိုရိုးစကား နီတိများ အများအပြား ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကားဦးစီးဌာနက 'မြန်မာဆိုရိုးစကား' များကို သုတေသနပြု စုစည်းဖော်ထုတ်ကာ ထုတ်ဝေထားပါသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် သုံးနှုန်းလျက်ရှိသော အစဉ်အလာ ဓလေ့၊ အစဉ်အလာ အဆုံးအမတို့ကို စုစည်းကာ ဆိုရိုးစကားပေါင်း ၁၀၁၀ ကို တစ်ခုချင်းစီ၏ အနက်အဓိပ္ပာယ်၊ ဆိုလိုရင်း တူညီသော အခြား ဆိုရိုးစကား၊ အလားတူ စကားပုံရှိလျှင် ရှိကြောင်း စသည်ဖြင့် အထောက်အထား အကိုးအကား ပြည့်စုံစွာ ဖော်ပြထားပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ယင်းတို့တွင် တရားစီရင်ရေးနှင့် သက်ဆိုင်သော ဆိုရိုးစကားများကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။ အလျဉ်းသင့် စပ်ဆိုင်သည့်အလျောက် အသုံးပြုနိုင်ရန် ဖြစ်ပါသည်။ ဆိုရိုးစကား တစ်ရပ်ချင်းစီ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်များကိုမူ 'မြန်မာ့ဆိုရိုးစကား'စာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။ အများအားဖြင့် အဓိပ္ပာယ် ရှင်းလင်းနေပြီးဖြစ်သဖြင့် အထူးရှင်းလင်း ဖော်ပြရန် မရှိပါ။ သုတေသန အသုံးအဖြစ် လေ့လာမည် ဆိုပါမူကား အထက်ဖော်ပြပါ စာအုပ်တွင် အညွှန်းများ ပြည့်စုံစွာ ပါရှိပါကြောင်း ဖော်ပြအပ်ပါသည်။

၁။ ကစားသမား၊ စကားမတည်

၂။ ကိုယ်မချို၊ အမိသော်လည်း၊ သားတော်ခဲ

၃။ ကိုယ့်ဥမှ ဥထင်

၄။ ကျေးဇူးရှိမှ ကျေးစွပ်သည်

၅။ ကြီးသည့်အမှု ငယ်စေ၊ ငယ်သည့်အမှု ပလပ်စေ

၆။ ကြမ်းကျွံလျှင် နုတ်၍ ရသည်၊ စကားလွန်လျှင် နုတ်မရ

၇။ ခုံကျူး ခုံတာ၊ ရှေ့နေကျူး ရှေ့နေတာ

၈။ ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ

၉။ ချည်လိုလိုက်တတ် ချည်မပြတ်၊ မင်းလိုလိုက်တတ် မင်းမသတ်

၁၀။ ငါ့ဝမ်းပူဆာ မနေသာ

၁၁။ ငွေနှင့် မိန်းမ၊ စပ်လျဉ်းက၊ ရိုးကြသူပင် ဆန်း

၁၂။ စကားနောက် တရားပါ

၁၃။ စားစရာမရှိ လျော်စရာရှိ

၁၄။ ဆိတ်ဆိတ်နေမှု သဘောတူ

၁၅။ တပည့် မကောင်း ဆရာ့ခေါင်း

၁၆။ တရား နတ်စောင့်

mgyoe.com

mgyoe.com
SAMPLE BOOK

၁၇။ ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင် ဖျက်

၁၈။ ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ

၁၉။ နှုတ်တစ်ရာ စာတစ်လုံး

၂၀။ ပြည်တဲရေးထက်၊ ဝမ်းရေးခက်

၂၁။ ဘုရင်တို့ဘုန်း၊ မိုးသို့ချုန်း၊ လူပုန်းတောမှာ မနေသာ

၂၂။ ဘူးတစ်လုံးဆောင် အိုအောင် မဆင်းရဲ

၂၃။ မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာ မရှိ

၂၄။ မမြင်ရာသည် ဆေးသမား၊ မကြားရာသည် တရားသူကြီး

၂၅။ မရောင်းဖြစ်လျှင် ခုံတိုင်လည်၊ မဝယ်ဖြစ်လျှင် စရန်ဆုံး

၂၆။ မင်းပင်ကောင်းလျက် မင်းမြောင်ဖျက်

၂၇။ ရာဇဝတ်ဘေး ပြေးမလွတ်

၂၈။ ရှေ့နေ ပျိုစေ၊ သမား အိုစေ

၂၉။ လူသာ ပဓာန

၃၀။ ဝမ်းနှင့်မလွယ် သားမမည်

၃၁။ သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်

၃၂။ သက်သေပင် ကြီးသော်လည်း မထီးစေရာ (ထီး = တစ်ဦးတည်း)

၃၃။ အစားမတော် တစ်လုပ်၊ အသွားမတော် တစ်လှမ်း

၃၄။ အသက်တစ်ရာ မနေရ၊ အမှုတစ်ရာ တွေ့ရ

၃၅။ အူမ တောင့်မှ သီလစောင့်

၃၆။ အစ်ကိုကြီး အဖအရာ၊ အစ်မကြီး အမိအရာ။

'မရောင်းဖြစ်လျှင် ခုံတိုင်လည်' ဆိုသော စကားရပ်တွင် ပါရှိသော 'ခုံတိုင်' ဆိုသည်မှာ မြင်းများကို လေ့ကျင့်သင်ကြားရာတွင် အသုံးပြုသော ဆုံလည်ဝိုင်းကို ခေါ်ကြောင်း၊ မြင်းက မလှုပ်၊ ခုံတိုင်လှုပ် ဟူသော စကားရှိကြောင်း၊ အသုံးများသည်မှာ လှုပ်ရမည့်သူက မလှုပ်

mgyoe.com

mgyoe.com
SAMPLE BOOK

ဘဲ မလုပ်ရမည့်သူက လုပ်သည့် ပြောင်းပြန် ဖြစ်နေသည့် အနေအထားကို ဆိုလိုကြောင်း၊ 'ခုံတိုင်လည်' ဆိုသည်မှာ မရောင်းလိုတော့လျှင် ကတိပါ ကြိုတင်ယူထားသည့် ငွေကြေးနှင့် တူညီသော အရေအတွက်ရှိ ငွေကြေးကို ပေးလျော်ရန် ချမှတ်သည့် နည်းလမ်း ဖြစ်ကြောင်း ယုဒဿန် အဘိဓာန်၌လည်း တွေ့ရပါသည်။ မြန်မာစာအဖွဲ့မှ ထုတ်ဝေသည့် 'မြန်မာ့ဆိုရိုးစကား' စာအုပ်တွင် ခုံတိုင်လည်ဆိုသည့် စကားနှင့်စပ်၍ ရောင်းမည်ဟု ကတိပေးကာ စရန်ယူပြီးမှ မရောင်းဖြစ်သော် စရန် နှစ်ဆကို ဝယ်မည့်သူအား ပေးရကြောင်း ရှင်းလင်းထားပါသည်။

အများအပြား ကျန်ရှိပါဦးမည်မှာ သေချာပါသည်။ မြန်မာ့တရားစီရင်ရေး နယ်ပယ်တွင် ကျင့်သုံးလျက်ရှိသော မြန်မာ့နီတိများကို သတိတရဖြင့်လည်းကောင်း၊ ရှေးပညာရှိကြီးများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့၍လည်းကောင်း တစ်ခန်းတစ်ကဏ္ဍထား၍ တင်ပြခြင်း ဖြစ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၂)

# ယေဘုယျ မူသဘောများ

mgyoe.com

mgyoe.com SAMPLE BOOK



တရားရုံးများသည် ဥပဒေက ရည်ရွယ်သည့်အတိုင်း ပေါက်ရောက်စေရန် ဆောင်ရွက်ရသူများ ဖြစ်ရာ အကယ်၍ ထိုရည်ရွယ်ချက်အတိုင်း လိုက်နာ ဆုံးဖြတ်မှုကြောင့် တစ်ဖက်တွင် ထိပါးရသည့် ကိစ္စများ ရှိခဲ့ပါလျှင် ထိုကိစ္စများအတွက် စီမံ ထားရှိရမည်မှာ ဥပဒေပြုသူ၏တာဝန် ဖြစ်ပါသည်။ တရားရုံး၏တာဝန် မဟုတ်ပါချေ။

mgyoe.com

mgyoe.com SAMPLE BOOK

(၂)

## ယေဘုယျ မူသဘောများ

### (က) စာသားအဓိပ္ပာယ်ရင်းအတိုင်း ဖြစ်[၁]စေခြင်း

ဝေါဟာရ စကားလုံး ဆိုသည်မှာ သူ့သဘာဝအတိုင်း အဓိပ္ပာယ်ဆောင်သည်ပင် ဖြစ်သည်။ ထို့ကြောင့်ပင် ထိုဝေါဟာရ စကားလုံးများဖြင့် သဒ္ဒါနည်းကျစွာ စုစည်းထားသော စကားစုအားလုံးကို သူ့သဘာဝ အဓိပ္ပာယ်အတိုင်း ကောက်ယူလိုက်ခြင်းသည် ပထမဦးစွာ လိုက်နာရမည့် စည်းမျဉ်း ဖြစ်ပါသည်။ ထိုသဘာဝအဓိပ္ပာယ်သည် ဒွိဟ ဖြစ်စရာ မရှိလောက်အောင် ရှင်းရှင်းလင်းလင်း ရှိနေပါလျှင် မည်သည့်အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ကာမူ ထိုသဘာဝအတိုင်းသာ ကောက်ယူ လိုက်နာရမည်သာ ဖြစ်သည်။

ဤစည်းမျဉ်းက အခြေခံထားသည်မှာ ဥပဒေပြုသူသည် သူ၏ရည်ရွယ်ချက်ကို ဝေါဟာရ စာလုံးများဖြင့်သာ ဖော်ပြနိုင်သည်၊ ထိုဝေါဟာရစကားစုများ၏ အဓိပ္ပာယ်ရင်းဖြင့်သာ နောင်လူအများက သူ့ရည်ရွယ်ချက်ကို သိရှိနိုင်သည် ဆိုသည့်အချက် ဖြစ်သည်။

---

၁။ Literal or Grammatical Interpretation



mgyoe.com

mgyoe.com SAMPLE BOOK

ဥပဒေပြုသူ၏ ရည်ရွယ်ချက်ကို ဤနည်းဖြင့် မလွတ်တမ်း ဆုပ်ကိုင်နိုင်သည့်အတွက် လိုက်နာ ကျင့်သုံးရသူအဖို့ အလုံခြုံဆုံးနည်း၊ ဘေးအကင်းဆုံးနည်းလည်း ဖြစ်ပါသည်။ ထိုသို့ ဖွင့်ဆိုကျင့်သုံး လိုက်ရခြင်းဖြင့် ပေါ်ပေါက်လာနိုင်သော အကျိုးဆက်များကို တွေးတောဆင်ခြင်ရန် တရားရုံး၏ တာဝန် မဟုတ်ပါချေ။ တရားရုံးများသည် ဥပဒေက ရည်ရွယ်သည့်အတိုင်း ပေါက်ရောက်စေရန် ဆောင်ရွက်ရသူများ ဖြစ်ရာ အကယ်၍ ထိုရည်ရွယ်ချက်အတိုင်း လိုက်နာ ဆုံးဖြတ်မှုကြောင့် တစ်ဖက်တွင် ထိပါးရသည့်ကိစ္စများ ရှိခဲ့ပါလျှင် ထိုကိစ္စများအတွက် စီမံထားရှိရမည်မှာ ဥပဒေပြုသူ၏ တာဝန် ဖြစ်ပါသည်။ တရားရုံး၏တာဝန် မဟုတ်ပါချေ။

အချို့ဥပဒေများတွင် နည်းပညာရပ်ဆိုင်ရာ ဝေါဟာရများကို ထည့်သွင်း ပြဋ္ဌာန်းရသည်များ ရှိပါသည်။ ထိုဝေါဟာရများအတွက် ဆိုင်ရာနည်းပညာရပ်က ရည်ညွှန်းသည့်အတိုင်း လိုက်နာရပါသည်။

ဝေါဟာရစကားစုများအတိုင်း အဓိပ္ပာယ်ကောက်ယူကြရာတွင် သူ့သဘာဝအတိုင်း၊ အများ နားလည်သည့် ရိုးရိုးအဓိပ္ပာယ်အတိုင်းသာ ဖြစ်ရပြီး ထိုသို့ ကောက်ယူလိုက်ခြင်းကြောင့် မဖွယ်ရာသော အဓိပ္ပာယ် ဖြစ်သွားခြင်း၊ မူရင်းဥပဒေ၏ ရည်ရွယ်ချက်ကို ဆန့်ကျင်သွားခြင်း၊ မူရင်းဥပဒေပါ အတိအလင်း ဖော်ပြချက် တစ်ရပ်ရပ်ကို ဆန့်ကျင်သွားခြင်း မဖြစ်စေရန်ကား ဂရုပြုကြရပါမည်။ ဝေါဟာရတစ်ခုသည်လည်းကောင်း၊ ဝေါဟာရများကို စုစည်းလိုက်သည့်အခါတွင်လည်းကောင်း၊ အဓိက အကြောင်းအရာကို ရည်ညွှန်းသည့် စကားဆက်များကြောင့်လည်းကောင်း အဓိပ္ပာယ်များ အမျိုးမျိုး ပြောင်းလဲသွားနိုင်သည် ဖြစ်ရာ (အသုံးပြုထားသည့် ဘာသာစကားအလိုက်) ဆိုလိုရင်းအဓိပ္ပာယ်ကို မိမိရရ ကောက်ယူနိုင်ရန် အရေးကြီးပါသည်။ ဥပဒေပြုသူ၏ ရည်ရွယ်ရင်းကို မျက်ခြည်မပြတ် လိုက်နာရန် ဆိုလိုပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာနိုင်ငံ စီရင်ထုံးတစ်ရပ်[၂]တွင် Maxwell ၏ Interpretation of Statute စာအုပ်ပါ စကားရပ်ကို ကိုးကား၍ ဖွင့်ဆိုဖူးသည်။ ယင်းစာအုပ်၌-

*'ဝေါဟာရ ဆိုသည်မှာ စကားဆက်များနှင့် တွဲထားခြင်း မရှိဘဲ သူချည်းသက်သက် ဆိုပါက အဓိပ္ပာယ် ကောက်၍ မရနိုင်၊ စကားဆက်များက ညွှန်းသည့်အတိုင်းသာ အဓိပ္ပာယ် ကောက်နိုင်သည်၊ ထိုသို့ ကောက်ယူရာတွင် မူရင်းအကြောင်းအရာ၊ ထိုအကြောင်းအရာအပေါ် ဝေါဟာရကို သုံးစွဲထားပုံနှင့် မည်သို့ ရည်ရွယ် သုံးစွဲထားခြင်းဖြစ်သည်တို့ကို ထောက်ချင့်၍ အဓိပ္ပာယ် ကောက်ရသည်။ အကြောင်းမူ ဝေါဟာရ အဓိပ္ပာယ် ဆိုသည်မှာ သုံးစွဲထားသော စကားဆက်၊ မူရင်းအကြောင်းအရာနှင့် ဖြစ်ပျက်ပုံ၊ ရည်ရွယ်ချက်တို့ကို လိုက်၍ အဓိပ္ပာယ် ကွဲပြားသွားနိုင်သော ကြောင့် ဖြစ်သည်။'*

ဟု ဖော်ပြထားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (၁၉၄၇) ခုနှစ်၊ ပုဒ်မ ၇၃ (၂) (ခ) 'နိုင်ငံတော် သမ္မတထံသို့ မိမိကိုယ်တိုင် လက်မှတ်ရေးထိုး၍ နုတ်ထွက်စာ တင်ခြင်းအားဖြင့် အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သော် ထိုအမတ်၏နေရာသည် ထိုအခါ၌ လစ်လပ်ရမည်' ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ အမှုတစ်မှု[၃] ပေါ်ပေါက်ဖူးသည်။

တရားလွှတ်တော်ချုပ်က-

*ပုဒ်မ ၇၃ (၂) (ခ) တွင် အထူးပင် ရှင်းလင်းသော စကားလုံးများကို သုံးစွဲထား၍ အဓိပ္ပာယ် နှစ်မျိုး ကောက်ယူနိုင်ရန် မဖြစ်*

---

၂။ D.D grover v. A.C.Koonda, Controller of Rent Mandalay, 1955. BLR SC 54.

၃။ 1958 BLR 94.



mgyoe.com

mgyoe.com SAMPLE BOOK

ချေ။ ထို့ကြောင့် ဦးဘဦးအတွက် လိုက်ပါဆောင်ရွက်သူ ပညာရှိရှေ့နေကြီးက နုတ်ထွက်ခြင်း ထမြောက်ပါက နုတ်ထွက်သော အမတ်မင်းမှာ နုတ်ထွက်ခြင်းကို ရုပ်သိမ်းနိုင်ခွင့် လုံးဝ မရှိသည်ကို ဝန်ခံသည်။ သို့သော် ပညာရှိရှေ့နေကြီးက နိုင်ငံတော်သမ္မတထံသို့ အမတ်တစ်ဦးသည် နုတ်ထွက်သည်ဟု စာရေးရုံမျှဖြင့် နုတ်ထွက်ခြင်းအရာ မရောက်သေးပါ၊ နိုင်ငံတော်သမ္မတလက်သို့ လုပ်ရိုးလုပ်စဉ်အတိုင်း ရောက်ရှိမှသာ နုတ်ထွက်ခြင်း ပြီးမြောက်ပါသည်ဟု လျှောက်ထားသည်။ ဦးဘဦး နုတ်ထွက်စာသည် နိုင်ငံတော်သမ္မတထံသို့ နောက်ဆုံး၌ ရောက်ရှိသည်ကို ရုံးတော်က သတိပေးခဲ့ရာ ပညာရှိ ရှေ့နေကြီးက နိုင်ငံတော်သမ္မတထံသို့ နောက်ထပ် ပေးပို့သည့် နုတ်ထွက်ခြင်းကို ရုပ်သိမ်းခွင့် တောင်းသောစာနှင့်အတူ ရောက်သဖြင့် ပထမ နုတ်ထွက်စာပေါ်တွင် အရေးယူရန် မလိုဟု ချေပသည်။ ယခုကိစ္စ၌မူကား နိုင်ငံတော်သမ္မတတွင် နုတ်ထွက်ခွင့်ကို ပေးနိုင်သော အာဏာသော်လည်းကောင်း၊ ငြင်းပယ်နိုင်သည့် အာဏာသော်လည်းကောင်း ရှိခဲ့ပါမူ ပညာရှိရှေ့နေကြီး၏ လျှောက်ထားချက်မှာ အခြေအမြစ်ရှိကောင်းရှိပေမည်။ သို့သော် နိုင်ငံတော်သမ္မတတွင် ဤကဲ့သို့သော အာဏာ လုံးဝ မရှိချေ။ အမတ်တစ်ဦး နုတ်ထွက်သည်နှင့် တစ်ပြိုင်နက် ထိုအခါ၌ ၎င်း၏နေရာ လစ်လပ်ရမည်ဟု ပုဒ်မ ၇၄ (၂) (ခ) တွင် အတိအလင်း ပါရှိသည်။

ပညာရှိ ရှေ့နေကြီးက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော အခြေခံ ဥပဒေတွင် ပါရှိသည့် စကားရပ် ဖြစ်သော '*by writing addressed to the President*' ကို ကိုးကား၍ '*addressed to*' ဆိုသည်မှာ အခြားနိုင်ငံ တချို့တို့၏ အခြေခံ ဥပဒေတွင် သုံးလေ့ရှိသော စကားလုံး ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းစကားရပ်ကို 'ပေးပို့သည့်'ဟု သာမန်အဓိပ္ပာယ် မကောက်

mgyoe.com

mgyoe.com SAMPLE BOOK

ယူဘဲ အခြေခံ ဥပဒေ အသုံးအနှုန်း ဖြစ်သည့်အလျောက် ပေးပို့ရာ၌ မည်ကဲ့သို့ ပေးပို့ရမည်ဟု ပြဋ္ဌာန်းထားသော နည်းဥပဒေအတိုင်း လိုက်နာမှသာ *'addressed to'* ဆိုသော စကားလုံးနှင့် ကိုက်ညီမည်။ ပေးပို့ရမည့်နည်းမှာလည်း အခြေခံ ဥပဒေ ပုဒ်မ ၈၀ (၁) အရ ပြုလုပ်ထားသော ပြည်သူ့လွှတ်တော် လုပ်ငန်းစဉ် နည်းဥပဒေ ၇ (၂) က ညွှန်ကြားထားသည့်အတိုင်း နုတ်ထွက်စာကို နိုင်ငံတော် သမ္မတက လက်ခံမှသာ နုတ်ထွက်ခြင်းသည် အရာရောက်မည်ဟု လျှောက်ထားပြန်သည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော အခြေခံ ဥပဒေ တစ်ခုတည်းကိုသာ ကိုးကားရမည် ဆိုလျှင် *'addressed to'* ဆိုသော စကားလုံးမှာ အခြေခံ ဥပဒေ အသုံးအနှုန်း ဖြစ်သည် မဖြစ်သည်၊ ငုတ်နေသော အဓိပ္ပာယ်မျိုး ရှိသည် မရှိသည်တို့ကို လေးနက်စွာ ဝေဖန်ရပေမည်။ သို့သော် အခြေခံ ဥပဒေ ပုဒ်မ ၂၁၇ အရ မြန်မာဘာသာစာမူနှင့် အင်္ဂလိပ်ဘာသာစာမူ နှစ်မူလုံးသည် ထိုဥပဒေကို ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် တည်စေရမည် ဖြစ်၍ နှစ်မူလုံးကိုပင် အားထား ဝေဖန်ရမည်။ မြန်မာစာမူတွင် *'addressed to'* ဟူသော စကားရပ်အတွက် 'တင်သွင်းသည်'ဟု ပါရှိသည်။ ရှင်းလင်းသော စကားလုံးပင် ဖြစ်၍ *'addressed to'* ဆိုသော စကားလုံးမှာလည်း အင်္ဂလိပ်ဘာသာအရ *'directed'* သို့မဟုတ် *'sent'* ဟူ၍သာ သာမန်အားဖြင့် ပြန်ဆိုရပေမည်။

ဟု သုံးသပ်ဖော်ပြထားသည်ကို မှတ်သားရပါသည်။

ဥပဒေပညာရှင် Maxwell က ၎င်း၏စာအုပ်[၄]တွင်-

---

၄။ Maxwell, The Interpretation of Statute, 10th edition, P-3

mgyoe.com

mgyoe.com SAMPLE BOOK

'နည်းပညာရပ်နှင့် သက်ဆိုင်သော ဥပဒေများတွင် သုံးစွဲထားသော စကားရပ်များသည် ယင်းတို့၏ မူရင်းအဓိပ္ပာယ်အတွက် လည်းကောင်း၊ နည်းပညာရပ်ဆိုင်ရာအတွက် လိုအပ်သဖြင့် လည်းကောင်း သုံးစွဲ ပြဋ္ဌာန်းခြင်း ဖြစ်သည်။ ထိုစကားရပ်များအားလည်း သဒ္ဒါစည်းကမ်းနှင့်အညီ အဓိပ္ပာယ် ကောက်ယူရမည်။ ထိုအခါတွင် ပါလီမန်က ပြဋ္ဌာန်းပေးလိုက်သော စကားရပ်များမှ ကင်းလွတ်မသွားစေဘဲ တည်ဆောက်ထားသည့် အထားအသို သဒ္ဒါစည်းကမ်းအတိုင်း ပေါ်ထွက်လာသည့် သဘာဝကျသော အဓိပ္ပာယ်ကို ဆောင်စေရမည်။ စကားရပ် အဓိပ္ပာယ်များမှ ကင်းလွတ်၍ ကောက်ယူခြင်းကို ခွင့်မပြုထိုက်ပေ။ ဥပဒေပါ စာသားသက်သက်ဖြင့် အဓိပ္ပာယ်ကောင်း တစ်ရပ်သည် စကားဆက်များ၌ဖြစ်စေ၊ ဥပဒေ ပြဋ္ဌာန်းရသည့် ဖြစ်စဉ်နှင့် အကြောင်းရင်း၌ဖြစ်စေ ဤဥပဒေ၏ ရည်ရွယ်ရင်းကို ပေါက်ရောက်စေခြင်း မရှိဟု ငြင်းဆိုစရာ မဖြစ်စေရ။ စကားလုံး၏ သက်ရောက်မှု အတိုင်းအတာကို ပြုပြင်ရန် မလို၊ မွမ်းမံ ပြောင်းလဲ သုံးနှုန်းရန်လည်း မလိုပါလျှင် သူ့အရှိအတိုင်း ကောက်ယူခြင်းက စိတ်အချရဆုံး ဖြစ်သည်။ တစ်ခု သတိထားရန်မှာ ဥပဒေတစ်ရပ်တွင် သုံးနှုန်းထားသော ဝေါဟာရ တစ်ခု၏ အဓိပ္ပာယ်သည် အခြား ဥပဒေတွင် နည်းပညာရပ်ဆိုင်ရာ သုံးနှုန်းသော အဓိပ္ပာယ် ဖြစ်သွားနိုင်သည်။'

ဟု ဖော်ပြထားပါသည်။

စာအရေးအသားမှာ အဓိပ္ပာယ် တစ်ရပ်တည်းသာ ဆောင်နေကြောင်း ရှင်းလင်းနေပါလျှင် 'ဤစာသားအပေါ် အငြင်းပွားစရာ အကြောင်း မပေါ်ပေါက်။ ထိုစာသားကို အဓိပ္ပာယ် ဖွင့်သင့် မသင့် ပြဿနာ တင်သွင်းလာသည်ကို အလွယ်တကူ ခွင့်မပြုထိုက်' (*Absoluta Sententia Expositori non indigent*) ဟူသော ဆိုရိုးနီတိ

mgyoe.com

mgyoe.com
SAMPLE BOOK
ရှိပါသည်။ လုံး၀ ထင်ရှားနေသည့် အချက်ကို ရှင်းလင်းဖွင့်ဆိုရန် မလို (A complete statement enquires no interpreter.) ဟု ဆိုလိုပါသည်။ သူ့သဘာ၀အတိုင်း ရှင်းရှင်းလင်းလင်း ပေါ်လွင်နေသည့် အချက်အပေါ် ထပ်မံ၍ ဒုတိယအတွေး မ၀င်သင့်ဟုလည်း ထပ်ဆင့် ရှင်းလင်းချက်၌ တွေ့ရပါသည်။

အိန္ဒိယနိုင်ငံ ဘီဟာ ရောင်းခွန်ဥပဒေနှင့် စပ်လျဉ်းသော အမှုတစ်မှု[၅]တွင် 'ကြံ'သည် ဤဥပဒေအရ အခွန် ကင်းလွတ်ခွင့် ရသည့် သီးနှံ (green vegetable) တွင် အကျုံး၀င် မ၀င် ပြဿနာ ပေါ်ပေါက်ပါသည်။ တရားလွှတ်တော်ချုပ်က အခွန်ဥပဒေနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ကြရာတွင် သဘာ၀ကျပြီး ရိုးရိုးရှင်းရှင်းသာ ကောက်ယူကြရန် ဖြစ်ကြောင်း၊ ဤကိစ္စတွင်လည်း သီးနှံ ဆိုသော စကားရပ်ကို အများ နားလည်သိရှိပြီး သဘာ၀အတိုင်းသာ အဓိပ္ပာယ် ကောက်ယူရန် ဖြစ်ကြောင်း၊ ၀ေါဟာရ အဘိဓာန် ဖွင့်ဆိုချက်ကို အထောက်အကူ ယူရန် မလိုကြောင်း၊ အများ နားလည် လက်ခံသော သီးနှံ ဆိုသည်မှာ အများက ဟင်းသီးဟင်းရွက်အဖြစ် မီးဖိုချောင်တွင် အသုံးပြုသော၊ ညစာ၊ နေ့လယ်စာ စားသုံးသည့် အမျိုးအမည် ဖြစ်ရာ ကြံသည် ဤအမျိုးအမည်တွင် မပါ၀င်နိုင်ကြောင်း ဆုံးဖြတ်ထားပါသည်။

အခြားအမှုတစ်မှု[၆]တွင် အယူခံ တရားလိုသည် 'Lady Chatterlay's Lover' အမည်ရှိသော အစိုးရက တားမြစ်ထားသည့် ညစ်ညမ်းစာအုပ်ကို ရောင်းချသည့် စွပ်စွဲချက်ဖြင့် အိန္ဒိယ ရာဇသတ်ကြီး ပုဒ်မ ၂၉၂ အရ အပြစ်ပေးခံရသည်။ အယူခံ တရားလိုက ရာဇ၀တ်မှုများဖြင့် တရားစွဲဆိုကြရာ၌ 'ရာဇ၀တ် မကောင်းသော စိတ်ဓာတ်'ဖြင့် ကျူး

၅။ AIR 1962 SC 660
၆။ AIR 1965 SC 881


mgyoe.com

mgyoe.com SAMPLE BOOK

လွန်မှု ဖြစ်မှသာ ပြစ်မှုထင်ရှား စီရင်နိုင်ကြောင်း၊ ယခုအမှုတွင် တရားလိုဘက်သည် ကျူးလွန်သူ၌ ရာဇဝတ်မကင်းသော စိတ်ဓာတ်ဖြင့် ကျူးလွန်ခြင်း ဖြစ်သည်ကို တင်ပြရန် ပျက်ကွက်ခဲ့ကြောင်း၊ ထို့ကြောင့်ပင် အယူခံ တရားလို မိမိအနေဖြင့် အဆိုပါ ညစ်ညမ်း စာအုပ်ကို အစိုးရ တားမြစ်ထားသော စာအုပ်အမျိုးအစားမှန်း သိလျက်နှင့် ဆိုင်တွင် ထားရှိ ရောင်းချခြင်း ဖြစ်သည်ဟု မဆိုနိုင်ကြောင်း၊ ဆိုင်တွင် များပြားလှသော စာအုပ်များ တင်ရောင်းလျက် ရှိရာ စာအုပ်များပါ အကြောင်းအရာ ပေါင်းစုံကို စာအုပ်ရောင်းသူက သိရှိနေရန်လည်း မဖြစ်နိုင်ကြောင်း၊ သို့ဖြစ်သည့်အတွက် ရာဇဝတ် မကင်းသော စိတ်ဓာတ်ကို တင်ပြနိုင်ခြင်း မရှိဘဲ အပြစ်ပေးထားသည်မှာ မှားယွင်းကြောင်း တင်ပြသည်။

တရားလွှတ်တော်ချုပ်က ပုဒ်မ ၂၉၂ တွင် 'ညစ်ညမ်းမှန်း သိလျက်နှင့်' ဟူသော အချက်သည် အဓိက လိုအပ်သော အချက် မဟုတ်၊ ပုဒ်မပြဋ္ဌာန်းချက် အဓိပ္ပာယ်မှာ ရိုးရိုးရှင်းရှင်း ပေါ်လွင်ပြီး ဖြစ်သည်၊ ဝိဝါဒကွဲစရာ မရှိပေ။ တရားရုံးအနေဖြင့် ပြဋ္ဌာန်းချက်ပါ စကားလုံးများ၏ ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်အတိုင်းသာ စီရင်ဆုံးဖြတ်ရန် ရှိသည်ဟု သုံးသပ်ကာ အယူခံတရားလို၏ တင်ပြချက်ကို လက်မခံခဲ့ချေ။

ဥပဒေ အဓိပ္ပာယ် ကောက်ယူခြင်းအပေါ် တရားရုံးချုပ်က လမ်းညွှန်ခဲ့သည့် စီရင်ထုံးတစ်ရပ်[၇]တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

*'ဥပဒေကို အဓိပ္ပာယ် ဖွင့်ဆိုရာ၌လည်း စကားပြေအရ အများနားလည် လက်ခံ၍ သဘာဝကျသော အဓိပ္ပာယ်ကို ယူခြင်းက ပို၍ မှန်ကန်တတ်သည်။ ယင်းသို့ အဓိပ္ပာယ် ဖွင့်ဆိုမှသာလျှင်*

---

၇။ 1969 BLR (CC) 58


mgyoe.com

mgyoe.com
SAMPLE BOOK

ဥပဒေကို ပြည်သူအများ နားလည်လက်ခံမည်၊ လိုက်နာလေးစားကြမည်။ ဥပဒေနှင့် ပြည်သူ ရင်းနှီးကာ ဥပဒေများ သက်ဝင်လှုပ်ရှားမည်။ တရားသူကြီးများသည် အခြားနိုင်ငံများမှ စီရင်ထုံးများကို လေ့လာကောင်းပါ၏။ သို့ရာတွင် မိမိတို့ ရှေ့သို့ရောက်လာသော မှုခင်းများကို စီရင်ရာတွင်ကား မှုခင်းဖြစ်ပျက်ကာလ၊ ဒေသ၊ အခြေအနေ၊ ပတ်ဝန်းကျင်၊ လူနေမှု ဓလေ့ထုံးတမ်း စသည်တို့ကို စစ်ဆေး ဆင်ခြင်ကာ ဥပဒေဘောင်အတွင်းက မျှတမှန်ကန်၍ အများ နားလည် သဘာဝကျသော တရားကို စီရင်အပ်ပေသည်။ အခြားနိုင်ငံများမှ စီရင်ထုံးများကို ရှေ့ထား ကိုးကားလျှင် တရားစီရင်ရေးသည် မြန်မာ ပီသမည် မဟုတ်၊ မြန်မာ့အခြေအနေနှင့် ကင်း၍ ပြည်သူနှင့် ဝေးဖွယ်ရာသာ ရှိသည်။ ပြည်သူအများက နားလည် လက်ခံခြင်းသည် တရားစီရင်ရေး၏ အဓိက မှတ်ကျောက် ဖြစ်သည်။ အဓိက အာနိသင် ဖြစ်သည်။

တရားဥပဒေသည် စာအုပ်ကြီးများ၊ စီရင်ထုံးများတွင် စကားလုံးများအဖြစ်သာလျှင် တည်နေရန် မဟုတ်။ အမြဲ သက်ဝင်လှုပ်ရှား၍ ထာဝစဉ် ပြောင်းလဲနေသော လူ့အဆောက်အအုံ၊ လူရေးလူမှုတို့တွင် ထိရောက်စွာ ပါဝင်၍ အကျိုးပြုရမည်။ ထို့ကြောင့် တရားဥပဒေ ဟူသည် တစ်ဖက်တွင် ဥပဒေဘောင်ကို ဖောက်ကျော်ခြင်း မပြု၊ ထုံးတမ်းလည်း ညီညွတ်စေ၍ တစ်ဖက်တွင်လည်း ပြောင်းလဲတိုးတက်မှုတွင် အင်အားသစ်ဖြင့် တက်ကြွစွာ သက်ဝင်လှုပ်ရှားနိုင်ရမည်။ လူ့အဆောက်အအုံ တိုးတက်မှု၊ လူမှုရေးတို့နှင့် အကိုက်အညီ ပြဋ္ဌာန်းထားသော ဘောင်အတွင်းမှ မှန်ကန်မျှတစွာ ဥပဒေကို အဓိပ္ပာယ် ဖွင့်ဆိုအပ်သည်။ တရားမျှတ မှန်ကန်ခြင်း ဆိုသည်ကို ပြည်သူတို့က နားလည်လက်ခံရသဖြင့် မှတ်ကျောက်တင်အပ်သည်။'

mgyoe.com

mgyoe.com
SAMPLE BOOK

ပြည်ထောင်စု မြန်မာနိုင်ငံတွင် အခြေခံဥပဒေခုံရုံး စီရင်ထုံး တစ်ရပ်[၈]၌ 'ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်း' ဟူသော ဝေါဟာရနှင့် စပ်လျဉ်း၍ အဆုံး အဖြတ် တွေ့ရှိရသည်။ ဥပဒေပြုရေး လွှတ်တော်များက လွှတ်တော် လုပ်ငန်းအလိုက် ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များ သည် အထက်ပါ ဝေါဟာရတွင် အကျုံးဝင် မဝင် စိစစ်ဆုံးဖြတ်ထား ပါသည်။ ယင်းစီရင်ထုံးတွင်-

*'အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းချက်အရ ဆိုပါက ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်း သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်း များ၏ အဖွဲ့ဝင်များမှာ နိုင်ငံတော်သမ္မတက ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက် တင်ပြရယူပြီး ခန့်အပ်သည့် အဖွဲ့အစည်းဝင်များ ဖြစ်သည်။ ..... နိုင်ငံတော် သမ္မတက တင်သွင်းသည့် တင်သွင်းလွှာမှာ တည်ဆဲဥပဒေတစ်ရပ် ဖြစ် သော လွှတ်တော်အသီးသီးဆိုင်ရာ ဥပဒေများပါ စကားရပ်ကို အဓိပ္ပာယ် ဖွင့်ဆိုရန် တင်ပြခြင်း မဟုတ်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ စကားရပ် ဖြစ်သည့် 'ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း' ဆိုသည့် စကား ရပ်ကို အဓိပ္ပာယ် ဖွင့်ဆိုရန်သာ ဖြစ်သည်။*

*၁၉၇၃ ခုနှစ် စကားရပ်များ အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေ ပုဒ်မ (၃) (ခ) ပြဋ္ဌာန်းချက်မှာ ဥပဒေ တစ်ရပ်ရပ်၏ အနက် အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ဥပဒေပြု အာဏာပိုင် အဖွဲ့အစည်း ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီအောင် ဖွင့်ဆိုရန် ဖြစ်သည်။ .....*

---

၈။ ၂၀၁၂ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး စီရင်ထုံး၊ စာ-၁။

mgyoe.com

mgyoe.com
SAMPLE BOOK

*ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြုသည့် အာဏာပိုင်အဖွဲ့အစည်းမှာ ဤဥပဒေပြုအာဏာပိုင် ဖြစ်သည့် ပြည်ထောင်စုလွှတ်တော် မဟုတ်၊ အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့် မူများနှင့်အညီသာ ဤ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အဓိပ္ပာယ် ဖွင့်ဆိုရမည် ဖြစ်သည်။*

*ခြုံ၍ သုံးသပ်ရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄)၊ ဥပဒေပြုရေး အခန်းပါ ပုဒ်မ တစ်ခုချင်းအပေါ် ဆက်စပ်၍ အနက်အဓိပ္ပာယ် ကောက်ယူချက်အရ ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်နှင့် ယင်းအဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူ အတည်ပြုချက် ရယူပြီး ခန့်ထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် အဖွဲ့အစည်း၏ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။'*

ဟူ၍ ဆုံးဖြတ်ထားသည်။

တစ်ဖန် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၄) ကို ဖော်ပြပြီး နောက် ယင်းအခန်းတွင် ပါရှိသည့် ဥပဒေ ပြဋ္ဌာန်းချက်များတွင် သုံးနှုန်းထားသည့် စကားရပ်များအရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဆိုသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ ဖြစ်ပြီး လွှတ်တော် အသီးသီးက ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့အစည်းများနှင့် မတူ၊ သီးခြား ဖြစ် ကြောင်း၊ ဥပဒေ ပြဋ္ဌာန်းချက်များပါ စာသားအတိုင်း အဓိပ္ပာယ် ကောက်ယူပါက ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်း ဖြစ်ကြောင်း၊ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁၅ နှင့် ၁၄၇ တို့အရ ပြည်သူ့လွှတ်တော်နှင့် အမျိုး

mgyoe.com

mgyoe.com SAMPLE BOOK

သားလွှတ်တော်တို့က ဖွဲ့စည်းကြောင်း၊ ဖွဲ့စည်းမှု သဘာဝ မတူညီကြောင်း သုံးသပ်ချက်များလည်း တွေ့ရှိရပါသည်။

ဤအချက်သည် အထက်တွင် ဖော်ပြခဲ့သော DD. Grover အမှု မြန်မာစီရင်ထုံးတွင် ဝေါဟာရများကို စကားဆက်များဖြင့် အဓိပ္ပာယ်ကောက်ယူရပြီး ထိုသို့ ကောက်ယူရာတွင် မူရင်းအကြောင်းအရာ၊ ထိုအကြောင်းအရာအပေါ် မည်သို့ သုံးစွဲထားပုံနှင့် မည်သို့ ရည်ရွယ်ထားပုံတို့ကိုပါ ထောက်ချင့်၍ အဓိပ္ပာယ်ကောက်ရန် ညွှန်ပြဆုံးဖြတ်ချက်နှင့် ကိုက်ညီပါသည်။

အမှုတစ်မှု[၉]တွင် ချည်ထည်ကော်မတီ အက်ဥပဒေ (အိန္ဒိယ အက် ဥပဒေ ၁၉၆၄) ၌ 'ချည်မျှင်' ဆိုသော ဝေါဟာရကို အငြင်းပွားခဲ့သည်။ တရားရုံးက-

*'ဥပဒေ၏ ရည်ရွယ်ချက်ကို ထိရောက်စေရန် ချည်မျှင် ဆိုသော ဝေါဟာရကို ကျယ်ကျယ်ပြန့်ပြန့် ကောက်ယူသင့်သည်။ ရေရွှန်နှင့် နိုင်လွန်တို့သည် 'အခြားချည်မျှင်' များတွင် ပါဝင်ရုံသာမက ပုဒ်မ ၂ (ဆ) ပါ ပိုးတုချည်မျှင်လည်း ဖြစ်သည်။ ဥပဒေတွင် ချည်ခင် (သဘာဝ)၊ လူလုပ် ချည်မျှင်၊ ပိုးတုပဟု သိကြသော အခြားချည်မျှင်ဟု သုံးနှုန်းထားရာ ကုန်သွယ်မှုတွင် အများ သိရှိပြီး သဘောအရ နားလည်ရန် ဖြစ်သည်။ သိပ္ပံပညာ၊ နည်းပညာဆိုင်ရာ သဘောကို အခြေခံရန် မဟုတ်။ ဤဥပဒေသည် ဓာတုဗေဒသိပ္ပံစာအုပ် မဟုတ်ဘဲ အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် တိုင်းရင်းချည်ထည်လုပ်ငန်းများ အကျိုးဖြစ်ထွန်းစေရန် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။'*

ဟု သုံးသပ် ဆုံးဖြတ်ခဲ့သည်။

---

၉။ AIR 1988 SC 2239

mgyoe.com

mgyoe.com
SAMPLE BOOK

ဤစည်းမျဉ်းနှင့် စပ်လျဉ်း၍ အထူး သတိထားအပ်သည့် အချက်တစ်ရပ် ရှိပါသည်။ ယင်းမှာ ကာလစည်းကမ်းသတ်နှင့် စပ်လျဉ်းပါသည်။ တရားစွဲဆိုခွင့်ကာလ စည်းကမ်းသတ်ကို ဥပဒေတွင် တစ်စုံတစ်ရာ ဖော်ပြမထားလျှင် ယင်းအချက်အပေါ် မည်သည့် ဥပဒေအဓိပ္ပာယ် ဖွင့်ဆိုရေး စည်းမျဉ်းဖြင့်မျှ ကန့်သတ်၍ မရပါချေ။

mgyoe.com

mgyoe.com SAMPLE BOOK

**(ခ) အကျိုးပျက်စီးစေခြင်းစည်းမျဉ်း** (The Mischief Rule)

ဥပဒေပညာရှင် Maxwell ကမူ Beneficial rule ဟု အမည်တပ်ပါသည်။ အများကျူးလွန်မှုတစ်ရပ်အပေါ် သုံးသပ်ရာတွင် တစ်ဖက်ဖက်တွင် ပေါ်ပေါက်သော နစ်နာမှု၊ ပျက်စီးမှု ရှုထောင့်မှ စိစစ်သုံးသပ်သည့် စည်းမျဉ်း ဖြစ်ပါသည်။ ၁၅၈၄ ခုနှစ်မှ စတင်၍ ပေါ်ပေါက် ကျင့်သုံးလာကြသည်ဟု ဆိုကြပါသည်။ Heydon's အမှုက စတင်၍ မူသဘောများ ချမှတ်သည်ဟု ဆိုပါသည်။

ယင်းအမှုတွင် ဥပဒေများကို အဓိပ္ပာယ် ကောက်ယူကြရာတွင် မှန်ကန်ပြီး အသေအချာ ဖြစ်စေရန် ယေဘုယျ စဉ်းစားရသည့် အချက် ၄ ရပ် ရှိသည်။ ယင်းတို့မှာ-

'(၁) ဥပဒေ မပြဋ္ဌာန်းနိုင်ခင်က အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်မှာ ဘာတွေ ရှိခဲ့သလဲ၊

(၂) ဒီရိုးရာ ဥပဒေစနစ်က ပြဋ္ဌာန်း ဆုံးဖြတ်ခဲ့ဖူးခြင်း မရှိတဲ့ နစ်နာပျက်စီးမှု ဆိုတာ ဘာလဲ၊

(၃) ဓနသဟာယအုပ်စုအတွင်းမှာ ဖြစ်ပွားနေတဲ့ ဒီရောဂါကို ကုသဖို့ ဒါမှမဟုတ် ပြဿနာ ဖြေရှင်းဖို့ ပါလီမန်က ဘာတွေများ ကုစားပေးခဲ့ဖူးသလဲ၊

mgyoe.com

mgyoe.com SAMPLE BOOK

(၄) ဒီပြဿနာ ပျောက်ကင်းစေဖို့ အမှန်တကယ် ကုစားပေး သင့်တာ ဘာလဲ' ဟူသည့် အချက်များကို အခြေခံရမည်။

တရားရုံးများက ဆုံးဖြတ်ကြရာတွင် နောင်အကျိုးပျက်စီးစေမှု ပေါ်ပေါက်စေသည့် အခြေအနေများကို နှိမ်နှင်းရန်၊ နစ်နာမှုကို ကုစားပေးသည့် နည်းနာများကို တိုးမြှင့်စေရန်၊ တစ်ကိုယ်ကောင်း ဝါဒ (Pro private commando) ရှင်သန်စေမှုများကို မဖြစ်ထွန်း စေဘဲ ပြည်သူများကောင်းစားမှု (Pro bono public) ကို ရှေးရှုသည့် ဥပဒေ၏ ရည်ရွယ်ချက်အတိုင်း ဆုံးဖြတ်ကြရန်တို့ ဖြစ်သည်။

အထက်ပါ မူသဘောကို ဥပဒေရည်ရွယ်သည့်အတိုင်း ဆောင် ရွက်သည့် မူသဘောဟုလည်း ဆိုပါသည်။ တရားစီရင်ကြရာတွင် ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ရည်ရွယ်ချက်များအတိုင်း ထိရောက် စေရန် စီရင်ကြရသည်ဖြစ်ရာ ထိုဥပဒေ အတည်ပြု ပြဋ္ဌာန်းလိုက် သည့် နေ့ရက်ကို ထောက်ထား၍ ပြဋ္ဌာန်းဥပဒေအရသာမက ရိုးရာ ဥပဒေ စနစ်အရလည်း ကိုးကား ကျင့်သုံးကြရပါသည်။ ဤသို့ဖြင့် အကျိုးဖျက်ဆီးခြင်း စည်းမျဉ်းသည် ရိုးရာဥပဒေစနစ်နှင့်သာမက ပြဋ္ဌာန်း ဥပဒေအရ ဖွင့်ဆိုထားသည့် အချက်များနှင့်ပါ တွဲလျက် တစ်စတစ်စ ပြုပြင်ဖွံ့ဖြိုးလာသော စည်းမျဉ်း ဖြစ်ပါသည်။[၁၀]

ဥပဒေပညာရှင် Maxwell က အကျိုး ပျက်စီးစေမှုများကို ပပျောက်စေပြီး ယင်းအတွက် တရားရုံးများ၏ ကုစားပေးမှုများ တိုးတက်လာစေရေးမှာ တရားသူကြီးများ၏ တာဝန်ဟု ဆိုရမည်။ ဘာသာစကား အရေးအသားအရ ဥပဒေ၏ ရည်ရွယ်ချက်တစ်ရပ် လုံးကို ပြည့်စုံအောင် ပေါ်လွင်နေခြင်း မရှိသည့်တိုင် ထိုအရေး အသား ဘောင်အတွင်းမှ ဖြစ်နိုင်သမျှ အဓိပ္ပာယ်ကို ချဲ့ထွင်၍ ကောက်ယူသင့်သည်။ သို့ရာတွင် ထိုစကားလုံးများ၏ မူလသဘာဝ

၁၀။ Prof.T. Bhattaacharyya, The Interpretation of Statutes, 10th edition, PP 33-34

mgyoe.com

mgyoe.com
SAMPLE BOOK

အဓိပ္ပာယ်တွင် တမင် ချန်လှပ်ထားရာရောက်သည့် နယ်ပယ်အထိ ချဲ့ထွင်ခြင်း မပြုမိရန်ကား လိုအပ်ပါသည်။

မည်သို့ဆိုစေကာမူ ဥပဒေတစ်ရပ်တွင် ဝေါဟာရများကို စုစည်း၍ သုံးနှုန်းလိုက်သည့် စကားစုတစ်ခု၏ အဓိပ္ပာယ်သည် ဝေါဟာရတစ်ခုချင်းစီ၏ သာမန်အဓိပ္ပာယ်ထက် ပိုမိုကျယ်ပြန့်သွားသည်ကိုလည်းကောင်း၊ အက်ဥပဒေ၏ ရည်ရွယ်ချက်သည် ပြည်သူအများ၏ လုံခြုံရေးအတွက် ပြဋ္ဌာန်းခြင်း ဖြစ်ပါက ထိုရည်ရွယ်ချက်ကို သက်ရောက်စေနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် သဘောထား၍ အဓိပ္ပာယ်ကောက်ယူရန်ကိုလည်းကောင်း သတိထားရပါမည်။ ဥပမာအားဖြင့် ၁၈၉၇ ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေတွင် ဖော်ပြပါ လုပ်ငန်းများ၏ အလုပ်သမားတိုင်းသည် လျော်ကြေး ခံစားခွင့် ရှိစေရမည်ဟု ပြဋ္ဌာန်းထားရာ ထိုပြဋ္ဌာန်းချက်ကို အဓိပ္ပာယ် ကောက်ယူရာ၌ ဖြစ်နိုင်သမျှ ဥပဒေ၏ မူရင်းရည်ရွယ်ချက် ဖြစ်သည့် အလုပ်သမားများ ဘဝလုံခြုံရေးကို အကျိုးသက်ရောက်စေရန် ကျယ်ကျယ်ပြန့်ပြန့် သဘောထား၍ စီရင်ဆုံးဖြတ်ရမည် ဖြစ်သည်။

ဤစည်းမျဉ်းနှင့် စပ်လျဉ်း၍ ထင်ရှားသောအမှုမှာ Smith v. Hughes အမှု[၁၁] ဖြစ်ပါသည်။ ယူကေနိုင်ငံတွင် ၁၉၅၉ ခုနှစ်က ပြဋ္ဌာန်းသော The Street Offences Act တွင် ပါဝင်သော 'in the street' (လမ်းမတွင်) ဟူသော စကားရပ်ကို အဓိပ္ပာယ်ကောက်ရာ၌ ဤစည်းမျဉ်းကို ကိုးကားခဲ့သည်။ ပြဿနာမှာ ပြည့်တန်ဆာများက လမ်းဘေးအိမ်၏ ပြတင်း၊ လေသာမှနေ၍ ပြည့်တန်ဆာကိစ္စအလို့ငှာ မြှူဆွယ်ကြသည်တွင် 'ပြတင်း၊ လေသာဆောင်'သည် လမ်းမတွင် (in the street) ၌ အကျုံးဝင် မဝင် ဖြစ်သည်။ တရားရုံးက ဤဥပဒေသည် လမ်းမကြီးများကို သပ်ရပ် သန့်ရှင်းစေပြီး အများပြည်သူ

၁၁။ 1960 1 WLR 830

mgyoe.com

mgyoe.com SAMPLE BOOK

အနေဖြင့် ပြည့်တန်ဆာများ၏ မြူဆွယ်မှုများမှ ကင်းဝေးစွာ အသုံး ပြုနိုင်ရန် ဖြစ်သည်။ သို့ဖြစ်သည့်အတွက် အထက်ပါ အပြုအမူသည် အမှန်စင်စစ် လမ်းမတွင် (in the street) မြူဆွယ်ခြင်းသာ ဖြစ်သည်။ အခြား မဖြစ်နိုင်ဟု ဆုံးဖြတ်ခဲ့သည်။

အမှုတစ်မှုတွင် တန်ချိန် ၁၀ တန် ရှိပြီး ပင်လယ်ပြင်တွင် ရွက် လွှင့်သွားလာသော ငါးဖမ်းလှေတစ်စင်းသည် ကုန်စည် သယ်ယူပို့ ဆောင်သည့်လုပ်ငန်း မလုပ်စေကာမူ ကမ်းကပ်ချိန်နှင့် ရေတိမ်ဒေသ တွင် လှော်တက် ၄ ခုဖြင့် လှော်ခတ်၍ သွားလာသည့်အတွက် ၁၈၆၂ ခု ကုန်သင်္ဘော အက်ဥပဒေပါ 'သင်္ဘော (ship)' ဆိုသော စကားရပ် တွင် အကျုံးဝင်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်တွင်-

> *"သင်္ဘောနှစ်စင်းတိုက်မှုဖြစ်စဉ်များ၌ သင်္ဘောဦးစီးမှူးတိုင်းသည် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အပြန်အလှန် အထောက် အကူ ဖြစ်အောင် ကြိုးပမ်းကြရန် တာဝန်ရှိသည်။ ပယ်ဖျက်ခဲ့ပြီး သော ဥပဒေတစ်ရပ် ဖြစ်သည့် ၁၈၅၄ ခုနှစ်၊ ကုန်သင်္ဘော အက်ဥပဒေတွင် 'သင်္ဘော (ship) ဆိုရာတွင် လှော်တက်ဖြင့် လှော်ခတ်သည် မဟုတ်သော၊ ရေကြောင်း သယ်ယူပို့ဆောင် သည့် ရေယာဉ်တိုင်း ပါဝင်သည်'ဟု အဓိပ္ပာယ် ဖွင့်ဆို ပြဋ္ဌာန်း ထားသည်။ အဓိပ္ပာယ် ဖွင့်ဆိုရန် စဉ်းစားသည့်အခါ ထိုအဓိပ္ပာယ် ဖွင့်ဆိုချက်တွင် မပါဝင်သည့် ရေယာဉ်များကို ဖယ်ထုတ်စဉ်းစား ရန် မဟုတ်။"*

ဟု Clyde Navigation v. Laird (1833) & App cas 658 တွင် ဆုံးဖြတ်ထားသည်။

တစ်ဖက်တွင်လည်း တမင် ဖန်တီး ပြုလုပ်ထားသော ရေကန် တစ်ခုတွင် ခရီးသည်များ လှည့်လည် အပျော်စီးရန် ထားသည့် ရေ နွေးငွေ့သုံး ရေယာဉ်သည် ရေကြောင်းသွားလာရေးရေယာဉ် မဟုတ် ဟု ဆုံးဖြတ်ထားကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဥပဒေတစ်ရပ်ကို မှန်ကန်စွာ အဓိပ္ပာယ် ကောက်ယူရန်မှာ ထို ဥပဒေ ပြဋ္ဌာန်းသည့် အချိန်က အနေအထားကို ရပ်တည် စိတ်ကူး တတ်ရန် လိုပါသည်။ ထို့ပြင် ယခုဥပဒေ မပြဋ္ဌာန်းမီကာလနှင့် ယခု ကာလ နှစ်ရပ်ကို ရည်ညွှန်း ကိုးကားကာ သုံးသပ်ခြင်းသည် ပို၍ ဆီလျော်ပြီး တရားနည်းလမ်းကျပါသည်။ ဤသို့ဖြင့် ဥပဒေဟောင်း ကြောင့် ဖြစ်ပေါ်လာသည့် မကောင်းမှုများ၊ ဥပဒေသစ်ဖြင့် ထို မကောင်းမှုများအတွက် ကုစားပေးနိုင်မှုများကို ပိုမို သေချာစေပါ သည်။ ဥပဒေ ပြဋ္ဌာန်းလိုက်သည့် ကာလက အခြေအနေကို ထိုအသိ အမြင်ဖြင့် သိရှိနိုင်ပါလိမ့်မည်။

တရားရုံးများ ဖွဲ့စည်းပုံနှင့် အခွင့်အာဏာများမှာ နိုင်ငံ၏ အုပ်ချုပ် မှုပုံစံ အပြောင်းအလဲများကို အကြောင်းပြု၍ အဆင့်ဆင့် ပြောင်းလဲ တတ်ကြသည်ပင် ဖြစ်သည်။ သို့ရာတွင် လိုက်နာ ကျင့်သုံးရသော procedural law မှာမူကား ယင်းပြောင်းလဲမှုအလျဉ်ကို မီအောင် ပြောင်းလဲပြဋ္ဌာန်း၍ မပြည့်စုံနိုင်သည်များ ရှိပါသည်။ တရားမမှုခင်း တစ်ရပ်၌ အယူခံ တင်သွင်းခွင့်နှင့် စပ်လျဉ်း၍ အမှုတစ်မှုတွင် လက်အောက်ခံ တရားရုံး ဟုတ် မဟုတ် ပြဿနာ ပေါ်ပေါက်ဖူး ပါသည်။

တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၃ (လက်အောက်ခံ တရားရုံးများ) ကို အဓိပ္ပာယ် ကောက်ယူရာတွင် ပြဋ္ဌာန်းချက်ပါ ဝေါဟာရများ၏ အဓိပ္ပာယ်ကိုသာမက ဤအက်ဥပဒေ ပြဋ္ဌာန်းခဲ့သည့် အချိန်ကာလကို လည်း စဉ်းစားရန် ဖြစ်ကြောင်း ဥပဒေ ပြဋ္ဌာန်းသည့်အချိန်က ရှိနေ မည့် (အထက်တရားရုံးက) ပြန်လည် ကုစားပေးထိုက်သည့် အကျိုး ပျက်စီးစေမှုနှင့် ၎င်းကို အမှန်ကုစားပေးရန် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်ကို မဖြစ်မနေ ကြည့်ရှုစဉ်းစားရန် ဖြစ်ကြောင်း၊ အက် ဥပဒေတွင် အကျိုးပျက်စီးစေသည့် အချက်ကို မသဲမကွဲ ဖြစ်နေပါက ဥပဒေ ပြဋ္ဌာန်းသည့် အချိန်က ကုစားပေးရန် ရည်ရွယ်သည့် အကျိုး

mgyoe.com

mgyoe.com SAMPLE BOOK

ပျက်စီးစေမှုကို စဉ်းစားရန်ဖြစ်ကြောင်း တရားသူကြီး Lindley, M.R, u Thomas v. Lord Clanmorris အမှုတွင် မှတ်ချက်ပြုထားသည်။

သို့ရာတွင် ဥပဒေပြုရေးအဖွဲ့၏ ရည်ရွယ်ချက် ဖြစ်တန်ရာသည်ဟု ယူဆကာ ဥပဒေပါ စကားရပ်များကို မလျော်မကန် ဆွဲဆန့်၍ ကောက်ယူခြင်း မပြုမိရန် သတိထားရပါမည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီရင်ထုံးတစ်ရပ်[၁၂]တွင် အချင်းဖြစ်မြေတစ်ရပ်ပေါ်တွင် မူလ နေထိုင်သူ အယူခံ တရားပြိုင် (၁) သည် ယင်းမြေပေါ်ကို ငှားရမ်း၍ အသစ် တည်ဆောက်သည့် အဆောက်အအုံမှာ အမိန့်ကြော်ငြာစာ အမှတ် (၃၅) မတိုင်မီ အဆောက်အအုံ ပြီးစီးခဲ့ပြီ ဖြစ်၍ ယင်းအဆောက်အအုံ၏ ၈'× ၂၈" အကျယ်နေရာကို ရယူရန် ရန်ကုန် တရားမရုံးက ဆုံးဖြတ်ခဲ့သည်။ ယင်းအမိန့်အပေါ် အယူခံ တရားလိုက တရားမအယူခံ တင်သွင်းရာတွင် ပေါ်ပေါက်လာသော အငြင်းပွား ဥပဒေ ပြဿနာများ၌-

(က) ပါလီမန်သည် ဥပဒေတစ်ရပ်၏ သက်တမ်း ဆက်စေရန် သမ္မတအား လုပ်ပိုင်ခွင့်အာဏာ ပေးခြင်းဖြင့် ဥပဒေပြုအာဏာကို လွှဲအပ်ရာ ရောက် မရောက်၊

(ခ) ၈-၈-၁၉၅၂ တွင် သက်တမ်းကုန်ဆုံးမည့် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေအား နိုင်ငံတော်သမ္မတက ၂၈-၈-၁၉၅၁ တွင် အမိန့်ကြော်ငြာစာ (၃၅) ထုတ်၍ သက်တမ်း ဆက်စေခြင်းမှာ အခြေခံ ဥပဒေ ပုဒ်မ ၉၀ နှင့် ဆန့်ကျင်ပြီး အာဏာလွန်ကဲ ဆောင်ရွက်ရာ ရောက် မရောက်တို့ ပါဝင်ခဲ့သည်။

တရားလွှတ်တော်က ဆုံးဖြတ်ရာတွင်-

---

၁၂။ U Ba Sein v. Moosaji Alibhai Patail and one, 1953 BLR HC 144



mgyoe.com

mgyoe.com SAMPLE BOOK

> 'သမ္မတသည် အကယ်၍ သတ်မှတ် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့် ညီညွတ်လျှင် ဆင်ခြင် စဉ်းစားပြီး ဥပဒေ၏ သက်တမ်းတိုးရန် အာဏာ အပ်နှင်းခံရသူ ဖြစ်သည်။ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေသည် ပြည့်စုံသော ဥပဒေတစ်ရပ်အဖြစ် ပါလီမန်က ပြဋ္ဌာန်းထားသည့် ဥပဒေ ဖြစ်သည်။ ယင်းဥပဒေကို သမ္မတက ပြုပြင်မွမ်းမံခြင်း၊ ထိပါးခြင်း ပြုသည် မဟုတ်။ ယင်းဥပဒေသက်တမ်းကို သမ္မတက အမိန့်ထုတ်ပြန်တိုးမြှင့်ခြင်းသည် ဥပဒေပြုခြင်း မမည်။ သမ္မတ၏ ဆောင်ရွက်ချက်မှာ အခြေခံဥပဒေ ပုဒ်မ ၉၀ ကို ချိုးဖောက်ရာ မရောက်။ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁ (၃) ဖြင့် အပ်နှံထားသော အာဏာကို သမ္မတက ကျင့်သုံးနိုင်ခွင့် မရှိဟု ဆိုပါက အခြေခံ ဥပဒေ ပုဒ်မ ၄၅ တွင် ဖော်ပြထားသော (နိုင်ငံတော်သမ္မတသည်) 'ဤအခြေခံဥပဒေနှင့် တရားဥပဒေက အာဏာနှင့် အလုပ်ဝတ္တရားများကို သုံးစွဲ ဆောင်ရွက်ရမည်' ဟူသော ပြဋ္ဌာန်းချက်မှာ အချည်းနှီး ဖြစ်ပေလိမ့်မည်။
>
> သမ္မတ၏ ဆောင်ရွက်ချက်မှာ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များအရ ဥပဒေပြုခြင်းသာ ဖြစ်သည်။ ပါလီမန်၏ကိုယ်စား ဥပဒေပြုခြင်း မဟုတ်။'

ဟူ၍ ဆုံးဖြတ်ထားသည်။

တရားလွှတ်တော်၏ ဆုံးဖြတ်ချက်မှာ အိမ်ရှင်အိမ်ငှားပြဿနာမှုခင်းများတွင် ကုစားပေးရမည့် ထိခိုက်နစ်နာမှုများအတွက် ထိုအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်ကာလ အနေအထားကို ထည့်သွင်း စဉ်းစား ချမှတ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အမှုတစ်မှု[၃၃]တွင် ရန်ကုန် လုပ်ငန်းဥပစာအခွန် အက်ဥပဒေအရ ချမှတ်လိုက်သည့် အခွန်အမိန့်အပေါ် အမှုခေါ် စာချွန်တော်မိန့် လျှောက်ထားသည်။ တရားသူကြီးချုပ် ဒေါက်တာအေးမောင်က-

*'ပါလီမန်တွင် တင်သွင်းရမည့် ဥပဒေကြမ်း တစ်ရပ်အတွက် ဥပဒေမူကြမ်း ပြုစုသူ အရာရှိများက မည်သည့် စိတ်ကူးစိတ်သန်း ထားခဲ့ကြောင်း ဖြစ်တန်ရာ ရှိသည်များကို မငြင်းလိုပါ။ သို့ရာတွင် အမှုတစ်ရပ်အား ပြဋ္ဌာန်းဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆုံးဖြတ်ရန် ဆိုပါလျှင် ဥပဒေ ရေးဆွဲသူများ၏ စိတ်ကူးက မည်သို့ ရှိသည်မှာ အဓိက မဟုတ်ချေ။ သက်ဆိုင်ရာ စည်းမျဉ်းများကို အထောက်အထား ပြု၍ ဥပဒေ အရေးအသားများ၏ မူရင်း အဓိပ္ပာယ်သည် ပြည်သူတစ်ဦးအပေါ် အခွန် ချမှတ်ထိုက်ကြောင်းကို သံသယကင်းစွာ ထင်ရှားနေရန်သာ ဖြစ်ပေသည်။'*

ဟု မှတ်ချက်ပြုခဲ့သည်။

အမှုသည်များ၏ အကျိုးထိခိုက်မှုနှင့် စပ်လျဉ်း၍ လိုက်နာရန် ညွှန်ပြခဲ့သော အမှုတစ်မှု ရှိပါသည်။ လျော်ကြေးငွေနှင့် အတိုးငွေ ရလိုကြောင်း စွဲဆိုသည့်အမှု[၃၄]တစ်မှုတွင်-

*'တရားပြိုင်က ရှေ့နောက် မညီသည့် ထုချေချက်ကို တင်ပြခဲ့ရာ တရားရုံးက တရားပြိုင်တစ်ဦးသည် ရှေ့နောက် မညီသည့် ထုချေချက်များကို တင်ပြခြင်း မပြုရဟု တရားမ ကျင့်ထုံး ဥပဒေတွင် အတိအလင်း တားမြစ်ထားခြင်း မရှိပေ။ တရားပြိုင်တစ်ဦး၏ ထုချေချက်သည် ရှေ့နောက် မညီညွတ်စေကာမူ ပဋိပက္ခ တိုးပွား*

---

၃၃။ Steel brothers & Co. Ltd v. the Business Premises Officer Rangoon, 1950 BLR SC 1

၃၄။ 1967 BLR (SC) 623

mgyoe.com

mgyoe.com SAMPLE BOOK

*ခြင်းမှ ကာကွယ်ရန်အလို့ငှာ ခွင့်ပြုပြီး အထိုက်အလျောက် စဉ်းစားရခြင်း ဖြစ်သည်။ ရှေ့နောက် မညီညွတ်သည့် ထုချေချက်တို့ကို တင်ပြခြင်းအားဖြင့် တရားပြိုင်အဖို့ အကျိုး မည်မျှ ရှိမည်ဆိုခြင်းမှာ ၎င်း၏တာဝန်သာ ဖြစ်သည်။'*

ဟု ဆုံးဖြတ်ခဲ့ပါသည်။

အမှုတစ်မှု[၁၅]တွင် အစိုးရသည် ရန်ကုန်တယ်လီဖုန်းကုမ္ပဏီလီမိတက်ထံသို့ ၎င်း ချပေးလိုက်သည့် လိုင်စင်စည်းကမ်းနှင့်အညီ တယ်လီဖုန်းနှင့် ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်းများကို ၃၁-၃-၁၉၄၃ နေ့မှ ဝယ်ယူလုပ်ကိုင်မည် ဖြစ်ကြောင်း ၄-၃-၁၉၄၀ နေ့တွင် အကြောင်းကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး စတင် ဖြစ်ပွားလိုက်သည့်အခါ လုပ်ငန်းပစ္စည်း တချို့ ဖျက်ဆီးခံရပြီး စစ်ပြီးနောက် ၁-၁-၁၉၄၆ တွင်မှ ပြန်လည် စုစည်းနိုင်သည်။ ကုမ္ပဏီက စာချုပ်အရ နစ်နာကြေး ရှုံး ၂၄ သိန်းကျော် ရလိုကြောင်း တရားစွဲဆိုခဲ့သည်။ အစိုးရဘက်က (စာချုပ် စတင်သည့် ရက်မှ စတင် ရေတွက်ရန် မဟုတ်) စစ်ပြီးကာလမှ စ၍သာ တာဝန်ရှိကြောင်း တင်ပြခဲ့သည်။

တရားရုံးက-

*'စာချုပ်နှင့်အညီ ဆောင်ရွက်နိုင်ခြင်း မရှိမီ ပျက်သုဉ်းသွားခြင်းသည် မည်သည့်အချိန်မှစ၍ စာချုပ်ပါ တာဝန်များ စတင်ကြောင်း စဉ်းစားရန်ကိစ္စအား အခြေမှစ၍ ဖြိုဖျက်ခံရခြင်း ဖြစ်သည်။ ဤသဘောတရားကို ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၅၆ ၌ ထည့်သွင်း ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် ဝယ်ယူသည်ဆိုသည့် ပဋိညာဉ်သည် စစ်ကြောင့် ပျက်သုဉ်းခဲ့ပြီ ဖြစ်သည်။ ကုန်စည်ရောင်းချရေး အက်ဥပဒေ ပုဒ်မ ၇ နှင့် ၈ တွင် အရောင်း*

---

၁၅။ Rangoon Telephone Co.Ltd v. The Union of Burma, 1948 BLR 527

mgyoe.com

mgyoe.com
SAMPLE BOOK

ကုန်စည်များမှာ သဘောတူညီချက် ပေးပြီးနောက် ပျက်စီးသွားခဲ့ပြီ ဆိုလျှင် ထိုသဘောတူညီချက်မှာလည်း အတည် မဖြစ်၊ ပျက်ပြယ်ကြောင်း ပြဋ္ဌာန်းထားသည်။ ပဋိညာဉ် ဆိုသည်မှာ ပိုင်းခြားစိတ်ဖြာနိုင်သည် မဟုတ်၊ စာချုပ်ပါ ပစ္စည်းကုန်စည်များ ပျက်စီးသွားပြီဆိုပါက ထိုပျက်စီးခြင်းမှာလည်း စာချုပ်ဝင် တစ်ဦးဦး၏ ဆောင်ရွက်ချက်ကြောင့် မဟုတ်ပါက ထိုစာချုပ်အတိုင်း လိုက်နာ ဆောင်ရွက်စေရန်မှာ မဖြစ်နိုင်တော့ပေ။'

ဟု ဆုံးဖြတ်ခဲ့သည်။


mgyoe.com